မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ မေ ၂၃ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၃၀)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ၂၀၀၉ ခုနှစ် မေ ၂၀ ရက်တွင် ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ်အဖြစ် ပြန်လည်ခန့်ထားခြင်းခံရသော ရှိတ် နာဆာ အယ်လ်မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့

သတ္တမအကြိမ် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ကဏ္ဍအလိုက် စာတမ်းဖတ်ကြားကြမည့် စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်) ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စတင်ပြေးဆွဲသည့် အထူးရထား ပြည်တော်သာဘူတာမှ ထွက်ခွာလာသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

စစ်တွေ (ပြည်တော်သာ - ရေချမ်းပြင်) ရထားလမ်းပိုင်းဖွင့်လှစ်

ရခိုင်ပြည်နယ်မှ နိုင်ငံအနှံ့သို့ မီးရထားဖြင့် လွယ်ကူချောမွေ့စွာ ခရီးဆန့်နိုင်ကြတော့မည်

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း
တင်ထွေး (သတင်းစဉ်)

စာမျက်နှာဖွဲ့စည်းမှု
မင်းထွန်း
(မြန်မာ့အလင်း)

နေပြည်တော် မေ ၂၂

ရထားလမ်းကြီးက ဖြောင့်တန်းလှပစွာ ခံ့ခံ့ထည်ထည်နေရာယူလျက်····။ ရခိုင်ဒေသ၏ တောက်ပလှသော နေရောင်ခြည်အောက်တွင် ရထားလမ်းဖွင့်ပွဲသို့ တက်ရောက်လာသူပရိသတ်ကား မကြာခင် ကျင်းပတော့မည့် ရထားလမ်းဖွင့်ပွဲနှင့်အတူ ပြည်တော်သာဘူတာမှ စတင်ထွက်ခွာတော့မည့် ရထားကြီးအနီး ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိနေသည်။ သူတို့၏ ရင်ခုန်သံများကား ရထားစက်သံနှင့် သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်အနိုင်ယူဖို့ ကြိုးစားနေတော့သည်။ မီးရထားဆိုသည်ကို စိတ်ကူးပင် မယဉ်နိုင်ခဲ့ရှာသည့် ဤလိုဒေသမျိုးတွင် ခုတ်မောင်းနေသော ရထားကြီးတစ်စင်းကို မျက်ဝါးထင်ထင်တွေ့မြင်ရခြင်းကြောင့် အိပ်မက်ပမာ မယုံနိုင်လောက်အောင် ဝမ်းသာကြည်နူးခံစားနေရသည့်အပြင် ထိုအိပ်မက်ကို လက်တွေ့ပကတိအခြေအနေဖြစ်လာအောင် ဖန်တီးပေးသော နိုင်ငံတော်၏ အနှိုင်းမဲ့စေတနာများအတွက်လည်း ကျေးဇူးတင်မဆုံးဖြစ်နေကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။

လှိုက်လှဲဝမ်းသာကြိုဆို

မကြာမီ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ ရောက်ရှိလာရာ ဒေသခံပြည်သူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြသည်။ ဤလိုနေ့ရက်မျိုးကို စောင့်ဆိုင်းခဲ့ရသည်မှာ ကြာခဲ့ပြီဖြစ်ရာ ယခု နိုင်ငံတော်က ဖြည့်ဆည်းပေးလိုက်သဖြင့် လုပ်ငန်းလိုအပ်ချက်နှင့် ဘဝလိုအပ်ချက်တို့ ပြည့်စုံခဲ့ပေပြီ။ *စာမျက်နှာ ၈ ကော်လံ ၁* ❐

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂၃ ရက်)

နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးသူလုပ်ငန်းရှင်များ တက်ညီလက်ညီဆောင်ရွက် ပြည်ပတင်ပို့ရောင်းချမှု သွက်လက်ရေး လက်တွဲကြိုးပမ်း

နိုင်ငံတော်အစိုးရသည် စိုက်ပျိုးရေးကဏ္ဍအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စပါးနှင့်ဆီထွက်သီးနှံအပါအဝင် နိုင်ငံတော်၏ အဓိကသီးနှံများ၊ စက်မှုကုန်ကြမ်းသီးနှံများနှင့် အမယ်သစ်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်လာစေရေးကို အားပေးဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ ရေမြေသဘာဝအရ ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိသကဲ့သို့ နိုင်ငံတော်၏ အားပေးမြှင့်တင်မှုကြောင့် ပဲစိုက်ဧကမှာ တိုးတက်လာခဲ့သည်။

ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့ရောင်းချမှု ဖွံ့ဖြိုးလာရေးအတွက် ပြည်ပဈေးကွက်၏ လိုအပ်ချက်နှင့်အညီ အရည်အသွေးကောင်းသော ပဲအမျိုးအစားကို မှန်မှန်ကန်ကန် ရွေးချယ်စိုက်ပျိုး သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပဲမျိုးစုံ အများဆုံးတင်ပို့ရောင်းချသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာ့အဆင့် ပဲလုပ်ငန်းကို ဆောင်ရွက်နေသော နိုင်ငံဖြစ်၍ ပဲစိုက်ပျိုးထုတ်လုပ်ရောင်းချမှုတစ်ခုလုံးကို ဟာကွက်မရှိ ကွင်းဆက်မိနေစေရန် နိုင်ငံတော်အစိုးရနှင့်အတူ စိုက်ပျိုးသူတောင်သူများ၊ လုပ်ငန်းရှင်များက တက်ညီလက်ညီ လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပဲမျိုးစုံနှင့်ပတ်သက်၍ နှစ်အလိုက်ကမ္ဘာ့နိုင်ငံများ၏ စိုက်ပျိုးထုတ်လုပ်နိုင်မည့် အခြေအနေ၊ ဈေးကွက်ပြောင်းလဲဖြစ်ပေါ်မှု အခြေအနေနှင့် ဈေးကွက်အလိုက် လိုအပ်ချက်များကို စဉ်ဆက်မပြတ် လေ့လာသုတေသနပြုပြီး စိုက်ပျိုးသူများအပါအဝင် ပဲလုပ်ငန်းဆောင်ရွက်သူများထံ သတင်းဖြန့်ချိ ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ကုန်သည်လုပ်ငန်းရှင်များသည် မှန်ကန်သည့်စုဖွဲ့မှုမျိုးဖြင့် မှန်ကန်သောရင်းနှီးမြှုပ်နှံမှု၊ ထိရောက်သည့်သုံးစွဲမှုများ ပြုလုပ်သွားရန် အရေးကြီးသည်။

သို့ဖြစ်၍ ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိပြီး ပြည်ပတင်ပို့ရောင်းချမှုအပိုင်း သွက်လက်လာရန်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းရှင်များသည် တောင်သူလယ်သမားများအား စီးပွားဖက်များအဖြစ် သဘောထားပြီး စိုက်ပျိုးထုတ်လုပ်မှုကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြမည်ဆိုပါက ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချမှု တိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၃-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၂၅)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကြီးပွားချမ်းသာ** မြင့်မြတ်၊ သက်မွန်မြင့် (ဒါရိုက်တာ-ကုသိုလ်)
၁၃း၅၅	၆။	သာယာသီကြွေးခေတ်ဆန်းတေး
၁၄း၀၀	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၄၉)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅။	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၅	၆။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၄၀	၈။	ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၆း၄၅	၁၄။	စားဖိုဆောင်ချစ်သူ
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်ခုန်သံနေ့ရက်များဆီသို့** (အပိုင်း-၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	လူရွှင်တော်ရွှေဖလား
	၂၀။	အင်္ဂလိပ်စာသုတ (English Usage)
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၅၅)

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ သံတွဲလေဆိပ် လေယာဉ်ပြေးလမ်းကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် သံတွဲလေဆိပ်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် မေ ၁၇ ရက် မွန်းလွဲ ၂နာရီက ရခိုင်ပြည်နယ် သံတွဲလေဆိပ်သို့ရောက်ရှိကြရာ လေဆိပ်ခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် လေယာဉ်ပြေးလမ်း၊ လေယာဉ်ရပ်နားရာနေရာ၊ လေဆိပ်အဆောက်အအုံ မွမ်းမံပြင်ဆင်ပြီးစီးနေမှုနှင့် လေဆိပ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးမောက်မြို့၌ ရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းဆင်း

မိုးမောက် မေ ၂၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၁၉ရက် မွန်းလွဲ ၁နာရီခွဲက လူထုအတွင်းရှေးဦးပြုစုခြင်း ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၉)သင်တန်းဆင်းပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူးလှအေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ကြည်ရွှေက ကြက်ခြေနီအသင်းအကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ထို့နောက် သင်တန်းဆင်း အောင်လက်မှတ်များကို မြို့နယ်ရဲတပ်ဖွဲ့မှူးလှအေးက ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

လူတုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးစည်းဝေး

နေပြည်တော် မေ ၂၂

ကမ္ဘာ့လူတုပ်ကွေးရောဂါ New Influenza A /H1N1 ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အစည်းအဝေးကို မေ ၁၉ရက် မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်ဆွေးနွေးသည်။

တက်ရောက်

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

အရှိန်အဟုန်မြှင့်

ရှေးဦးစွာ ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးက မြန်မာနိုင်ငံအတွင်းသို့ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကူးစက်ဝင်ရောက်မှု မရှိစေရေးအတွက် ပြည်နယ်နှင့်တိုင်းအလိုက် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် မှာကြားသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကမ္ဘာ့လူတုပ်ကွေးရောဂါ ဝင်ရောက်ကူးစက်မှု မရှိစေရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ဆရာဝန်ကြီးများက တင်ပြချက်များအပေါ် ဆွေးနွေးညှိနှိုင်း၍ ရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးရှင်းလင်း

လွိုင်လင် မေ ၂၂

ကမ္ဘာ့လူတုပ်ကွေးရောဂါ အခြေအနေ အသိပေးရှင်းလင်းပွဲကို မေ ၁၃ရက် နံနက် ၉နာရီက လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး လွိုင်လင်ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်က ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များ၊ ကမ္ဘာ့လူတုပ်ကွေးရောဂါ အခြေအနေနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

Myanmar Posco Steel Co., Ltd. (ပျဉ်းမပင်စက်မှုဇုန်) မန်နေဂျင်းဒါရိုက်တာ Mr. Kim Chang Kyu က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ်သိန်း ၂၀တန်ဖိုးရှိသော အိမ်မိုးသွပ်အချပ် ၅၀၀ လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်း လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ သတ္တမအကြိမ် နှစ်ပတ်လည် အစည်းအဝေးဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးကဏ္ဍများသည် အခြေခံအကျဆုံးကဏ္ဍများ ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပြည့်စုံကြွယ်ဝလှသည့် စိုက်ပျိုးရေး၊ သစ်တောနှင့်မွေးမြူရေး သယံဇာတများကို ယုတ်လျော့ လျော့ပါးခြင်းမရှိစေဘဲ ရေရှည်အသုံးချနိုင်ရေးသည်လည်း အရေးပါသည့်အချက်ဖြစ်သည့်အတွက် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

အရေးပါ

ဤသို့ ဆောင်ရွက်ရာတွင် ကဏ္ဍအလိုက် ဆောင်ရွက်နေကြသူများ၏ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စွမ်း ရှိမှုများသာမက အတွေ့အကြုံများပြားပြီး အရည်အချင်းမြင့်မားသူများနှင့် ဖွဲ့စည်းထားသော ပညာရှင်အဖွဲ့၏ စွမ်းဆောင်နိုင်မှုများသည်လည်း အရေးပါသည့် လိုအပ်ချက်များဖြစ်ကြောင်း။

လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍတို့သည် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်အထောက်အကူပြုလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး ထုတ်ကုန်တန်ဖိုး (GDP)၏ ၄၂ ရာခိုင်နှုန်းကို ယင်းကဏ္ဍသုံးရပ်က ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နိုင်ငံ၏ စိုက်ပျိုးနိုင်သည့် မြေဧရိယာဧက ၄၄ သန်းကျော်ရှိပြီး အသားတင် စိုက်ပျိုးမြေဧက ၃၃သန်းကျော်တွင် သီးထပ်၊ သီးညှပ်အပါအဝင် စုစုပေါင်း သီးနှံစိုက်ဧကသည် ၅၇သန်း ရှိကြောင်း၊ စားနပ်ရိက္ခာ ဖူလုံပိုလျှံမှုရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပြီး ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်း အထောက်အကူပြုပေးလျက်ရှိကြောင်း။

အကြီးမားဆုံး

ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုသည် ကမ္ဘာ့လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အခြေခံအသက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်သစ်တောကဏ္ဍတို့အတွက် ဝင်ငွေနှင့် စီးပွားရေး လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အကျိုးဆက်များကို ခံစားနေခဲ့ရပြီဖြစ်ကြောင်း၊ ၂၀၀၈ခုနှစ် မေလဆန်းပိုင်းက ဖြစ်ပေါ်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့ရာသီဥတုပြောင်းလဲမှု သမိုင်းတစ်လျှောက်တွင် အကြီးမားဆုံးနှင့် အဆိုးရွားဆုံးဖြစ်ကြောင်း။

ပညာရှင်များအနေဖြင့် စိုက်ပျိုးရေး၊ သစ်တောနှင့် မွေးမြူရေးဆိုင်ရာ အခန်းကဏ္ဍများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို မျှော်မှန်းပြီး ဖြစ်ပေါ်လာပါက ထိခိုက်မှု အနည်းဆုံးနှင့် အချိန်တိုအတွင်း ပြန်လည်ထူထောင်နိုင်ရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းမှာကြားလိုပါကြောင်း။

ရည်မှန်းဆောင်ရွက်

စိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံတွင် ဇီဝထွက်ကုန်များ၊ ဘေးထွက်ပစ္စည်းများ ပေါများသည့်အတွက် ယင်းပစ္စည်းများကို အသုံးပြုထုတ်လုပ်သော ဇီဝစွမ်းအင်ကို ကျေးလက်ဒေသလုပ်ငန်းများအတွက် အဓိက ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စားဝတ်နေရေးတို့တွင် အသက်ရှင်ရပ်တည်မှုအတွက် စားရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ထို့ကြောင့် စားနပ်ရိက္ခာ စိုက်ပျိုးရေး ထုတ်ကုန်များသည် ရေရှည်ဝယ်လိုအားရှိသော ထုတ်ကုန်များဖြစ်ကြောင်း၊ သီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် အခွင့်အလမ်းများစွာရှိသည့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်တွင် ထိုးဖောက်နိုင်သည့် အရည်အသွေးကောင်း ဆန်စပါး၊ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါနှင့် ခြံစည်းရိုးကြက်ဆူသီးနှံများကို အဓိကတင်ပို့ရောင်းချနိုင်ရေးနှင့် ကျန်သီးနှံများကိုလည်း ပိုမိုတိုးတက်စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရှင်များအနေဖြင့် မိမိတို့ တတ်သိကျွမ်းကျင်ရာ ပညာရပ်များ၊ အတွေ့အကြုံများဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ဧရိယာတိုးချဲ့သည့်အပြင် သီးနှံအထွက်နှုန်း တိုးတက်မြင့်မားအောင် မျိုးကောင်းမျိုးသန့် အသုံးချရေး၊ သီးနှံအရည်အသွေးမြင့်မားရေး၊ သီးနှံစိုက်စွမ်းအား မြင့်မားတိုးတက်ရေးတို့ကိုလည်းဆောင်ရွက်လျက်ရှိကြောင်း၊ထို့အပြင် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရေး၊ ဓာတုဓာတ်ကြွင်း ကင်းစင်ပြီး စားသုံးသူများ အန္တရာယ်မဖြစ်စေသော သီးနှံများထုတ်လုပ်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအချိန်သည် သီးနှံများ အရည်အသွေးမြင့်မားပြီး အာဟာရတန်ဖိုး မြင့်မားက တာရှည်ခံအောင် ရိတ်သိမ်းချိန်လွန် နည်းပညာများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေး ဆောင်ရွက်ကြရန် လိုအပ်လာသည့်အချိန်ဖြစ်ကြောင်း၊ ယင်းတို့ကို ပညာရှင်များအနေဖြင့် မျက်ခြည်မပြတ်လေ့လာသုံးသပ်၍ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အကျိုးရှိစွာအသုံးချရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်ဆွေးနွေးပြောကြားလိုကြောင်း။

သစ်တောကဏ္ဍနှင့် ပတ်သက်၍ နိုင်ငံတော်၏ သဘာဝဝန်းကျင် ထာဝစဉ်တည်မြဲပြီး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေခြင်းသည် အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းအတွက် အမွေအနှစ်တစ်ခုအဖြစ်သာမက ကမ္ဘာ့ပတ်ဝန်းကျင်အတွက်ပါ အကျိုးသက်ရောက်မှုဖြစ်စေသည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောများ မပြုန်းတီးရန်နှင့် ဂေဟစနစ် တည်ငြိမ်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဇီဝမျိုးစုံ မျိုးကွဲများအတွက် ကာကွယ်တောများ ထိန်းသိမ်းခြင်း၊ အမျိုးသားဥယျာဉ်များ သတ်မှတ် တည်ထောင်ပေးခြင်း၊ ဘေးမဲ့တောများသတ်မှတ်ကာကွယ်ခြင်း၊ သဘာဝသယံဇာတ အုပ်ချုပ်ရေး အစရှိသည့် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသများ ပြန်လည်စိမ်းလန်းစိုပြည်လာစေရန် နိုင်ငံတော်က အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်နေသကဲ့သို့ မြန်မာ့အဖိုးတန်သစ်မျိုးများ ပြန်လည်ဖြည့်ဆည်းစိုက်ပျိုးခြင်းနှင့် တောပျက်များ ပြန်လည်ပြုစုခြင်း လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း။

လက်တွဲဆောင်ရွက်

အစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ရေး၊ ကျွန်းသစ်မျိုးရိုးဗီဇ ထိန်းသိမ်းရေး၊ မျိုးကောင်းမျိုးသန့် ဖော်ထုတ်မြှင့်တင်ရေး၊ ကျွန်းစိုက်ခင်းများ တည်ထောင်ရေး စသည့် လုပ်ငန်းများကို ကျေးရွာပြည်သူများ၊ ပုဂ္ဂလိကများနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့ကို ပညာရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် မျိုးကောင်းမျိုးသန့် ပြန့်ပွားရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီနည်းပညာများ တိုးတက်ဖြစ်ထွန်းရေး၊ ထွက်ကုန်များကို စနစ်တကျပြုပြင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချရေး၊ မြန်မာ့အဏ္ဏဝါနှင့် ငါး၊ ပုစွန်သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးမပြုန်းတီးရေးတို့ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက အလေးထား ဆောင်ရွက်နေသကဲ့သို့ ပညာရှင်များကလည်း လိုအပ်သည့် ကဏ္ဍကနေ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက်ဝန်ကြီးများ၊ဒုတိယဝန်ကြီးနှင့် ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ရပ်နားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် နှစ်ပတ်လည်အစည်းအဝေး၌ ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံစိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့်ရေလုပ်ငန်းပညာရှင်အဖွဲ့ သတ္တမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ သဘာပတိအဖြစ် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်းက ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

တင်ပြ

ဆက်လက်၍ ပညာရှင်အဖွဲ့၏ သတ္တမနှစ်ပတ်လည်အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌများက ကဏ္ဍအလိုက် အသီးသီးတင်ပြကြရာ စိုက်ပျိုးရေးကဏ္ဍ အစီရင်ခံစာကို ဒေါက်တာကျော်သန်းက လည်းကောင်း၊ သစ်တောကဏ္ဍအစီရင်ခံစာကို ဒေါက်တာဉာဏ်ထွန်းကလည်းကောင်း၊ မွေးမြူရေးကဏ္ဍ အစီရင်ခံစာကို ဒေါက်တာမင်းစိုးက လည်းကောင်း အသီးသီး တင်ပြကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ရှင်းလင်းဖြေကြား

ထို့နောက်သတ္တမအကြိမ် နှစ်ပတ်လည် အစည်းအဝေး၏ ကဏ္ဍအလိုက် စာတမ်းဖတ်ပွဲများကို နေရာခွဲ၍ ကျင်းပကြရာ နေပြည်တော် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်၌ စိုက်ပျိုးရေးကဏ္ဍ၏ Development of Bioenergy with special emphasis on Rural Development စာတမ်းကို မြန်မာ့စက်မှု သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာနမှ အကြံပေးအရာရှိ ဦးစံသိန်းက လည်းကောင်း၊ နေပြည်တော်ရေဆင်း သစ်တောတက္ကသိုလ်၌ သစ်တောကဏ္ဍ၏ Forestry and Climate Change စာတမ်းကို သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာညီညီကျော်နှင့် ဦးစီးအရာရှိ ဦးဇော်မင်းဦးတို့က လည်းကောင်း၊ နေပြည်တော်ရေဆင်း မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၏ Sustainable Production of Livestock and Fishery Sector during Financial Crisis စာတမ်းကို ဒေါက်တာစောပလယ်စော၊ ဒေါက်တာမင်းစိုး၊ ဒေါက်တာထွန်းစိန်နှင့် ဒေါက်တာစန်းအောင်တို့က လည်းကောင်း အသီးသီး ဖတ်ကြားတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

နှစ်ပတ်လည်အစည်းအဝေးကို မေ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆန်းသစ်ခဲ့ပြီ ရခိုင်မြီ

* မြစ်ချောင်းတဲ့ အသွယ်သွယ်
လက်တက်ငယ် အမြောက်အမြား။
သွားလာရန် လွန်ခဲခက်
ရတက်တွေပွား။

* ရိုးမတဲ့ တောင်တန်းရှည်
ကာဆီးနေ အရှေ့နှင့်အနောက်။
ရှေးခေတ်က ကုန်စည်ဖလှယ်
ပင်လယ်ထွက်ပေါက်။

* အခုတော့ အိပ်မက်ပမာ
အံ့ဩစွာ အထင်အရှား။
ပြည်တော်သာ-ရေချမ်းပြင်
ဟိုယခင် မရှိဖူး
ထူးတဲ့ရထား။

* စစ်တွေ-အမ်း-မင်းဘူး
ပေါင်းကူးလို့ လွယ်တော့မည်။
ရခိုင်ပြည်နယ် တစ်ခေတ်ဆန်း
စန်းပွင့်ခဲ့ပြီ။

* မြစ်ချောင်းငယ် အလီလီ
များပစီ တို့မတွေး။

* လမ်းတံတားအပြင်
ရထားသူပါဝင်လို့
ပြည်တစ်ခွင် စည်ပင်တိုးအောင်တဲ့
တိုင်းကျိုးဆောင် တည်ဆောက်နေကြတယ်
ဝမ်းမြောက်ဖွယ်လေး။ ။

မြီ = မြေ

မင်းရွှေမင်း(အင်းစိန်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ကျွမ်းကျင်(၂)ရာထူး စာမေးပွဲအောင်မြင်သူများ စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၂၂

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်က စာမေးပွဲစစ်ဆေးခဲ့သည့် အသံလွှင့်ကျွမ်းကျင်(၂)/အသံလွှင့်ကျွမ်းကျင်(၂) (တိုင်းရင်းသား)/ အသံလွှင့်ကျွမ်းကျင်(၂) (လွှင့်သံထောက်)/ ရုပ်သံကျွမ်းကျင်(၂)/ကျွမ်းကျင်(၂) (ကွန်ပျူတာ)ရာထူးများ ဖြေဆိုအောင်မြင်သူများစာရင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့ စုံစမ်းရေးဂိတ်၌ ကြေညာထားကြောင်း သိရသည်။

စုံစမ်းနိုင်

ဖြေဆိုအောင်မြင်သူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော် တပ်ကုန်းသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ရန်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၇၉၁၈၅သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

ရန်ကုန် မေ ၂၂

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး၊ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ညောင်ဦးမြို့၊ ကျောက်ဆည်မြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၁ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်တွင် ၀ဒသမ ၃၁လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ဒသမ ၈၅လက်မနှင့် ထားဝယ်မြို့တွင် ၁ဒသမ ၂၂လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့နံနက် ၉နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

မေ ၂၃ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများသို့ အနောက်တောင် မုတ်သုံလေ ဝင်ရောက်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မေလ နောက်ဆုံးရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ကမ္ဘာတစ်ဝန်းတွင် A/H1N1 တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေ ၁၀၀၀၀ကျော်ရှိပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ မေ ၂၂

ကမ္ဘာတစ်ဝန်းရှိ ဓာတ်ခွဲခန်းများက သေဆုံးမှု၈၀အပါအဝင် A/H1N1 တုပ်ကွေးရောဂါဖြစ်ပွားသူဦးရေသည် ၁၀၂၄၃ဦးအထိ မြင့်မားလာပြီဟု အတည်ပြုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)၏ နောက်ဆုံးအစီရင်ခံစာတွင် ဖော်ပြထားသည်။

အတည်ပြုပြောကြား

မေ ၁၉ရက်၏ စာရင်းအရ ယင်းရောဂါဖြစ်ပွားသူဦးရေသည် ၄၁၃ဦးအထိရှိလာသည်။ ယင်းရောဂါဖြစ်ပွားနေသည့် နိုင်ငံပေါင်း ၄၁နိုင်ငံရှိသည်ဟု ဒဗလျူအိပ်ချ်အိုက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုတွင် ယင်းရောဂါဖြစ်ပွားသူ ၅၄၆၉ဦးရှိပြီး ၃၄၆ဦးသည် လွန်ခဲ့သည့် ၂၄နာရီအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု အတည်ပြုပြောကြားသည်။ မက္ကဆီကိုနိုင်ငံတွင် မေ ၁၉ရက်က ထုတ်ပြန်သည့် စာရင်းအရ ၃၆၄၈ဦးသာရှိပြီး ကနေဒါတွင် ၄၉၆ဦး ရှိသည်။

မြင့်မားလာ

ဂျပန်တွင် ယင်းရောဂါထပ်မံဖြစ်ပွားသူ ၅၁ဦးရှိပြီး စုစုပေါင်းဦးရေ ၂၁၀အထိ မြင့်မားလာသည်။စပိန်နိုင်ငံတွင် ယခုအခါ ၁၀၇ဦးရှိသည်။ ပနားမားတွင် A/H1N1 ရောဂါသည် စုစုပေါင်း၆၅ဦးရှိသည်ဟု ဒဗလျူအိပ်ချ်အိုက ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျို့မြို့ရှိ အပန်းဖြေစခန်းတစ်ခုအတွင်း အမြင့်မီတာ ၁၂၀ရှိ ရဟတ်ကြီးကို မေ ၂၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် (၁၂)ကြိမ်မြောက် ပေကျင်း အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာပြပွဲအတွင်း တစ်နေရာကို မေ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကယ်ကွတ်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

ကယ်ကွတ် မေ ၂၂

အီရတ်နိုင်ငံမြောက်ပိုင်း အယ်လ်ခိုင်ဒါအုပ်စုများ ခိုအောင်းရာ ကယ်ကွတ်မြို့ရှိ စစ်အခြေစိုက်စခန်း၌ မေ ၂၂ရက်က အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် အယ်လ်ခိုင်ဒါအဖွဲ့မှ ခုနစ်ဦးနှင့် အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ဗုံးဖောက်ခွဲ

ယင်းဖြစ်ပွားမှုသည် ကယ်ကွတ်မြို့ရှိ စစ်အခြေစိုက်စခန်း၌ လူအများ စုရုံးရောက်ရှိချိန်တွင် ဖောက်ခွဲရေးသမားက အသေခံ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။ **(အင်တာနက်)**

ဝေရက်တောင်ထိပ်သို့ တစ်နေ့တည်း တောင်တက်သမား ၂၁ဦး တက်ရောက်ခဲ့ကြ

ခတ္တမန္ဒူ မေ ၂၂

နီပေါနိုင်ငံမှ ဒေသခံ ချဟူဒင်ရှာပါက ဝေရက်တောင်ထိပ်သို့ (၁၃)ကြိမ်မြောက် တက်ရောက်ခဲ့ရာ ဝေရက်တောင်ထိပ်သို့ တစ်နေ့တည်း ၂၁ဦး တက်ရောက်ခဲ့သည်ဟု ခတ္တမန္ဒူပို့စ်သတင်းစာက မေ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။ ၄င်းတို့သည် ဗြိတိန်၊ ဒိန်းမတ်၊ တရုတ်(တိုင်ပေ)နှင့် နီပေါနိုင်ငံများမှ ဖြစ်ကြသည်။

စတင်တက်ခဲ့

၄င်းတို့သည် ဝေရက်တောင်သို့ ဧပြီလတွင်းမှ စတင် တက်ရောက်ခဲ့ရာ တောင်ထိပ်သို့ မေ ၅ရက်တွင်ရောက်ရှိပြီး ၇၅ရက်ကြာမြင့် မည်ဖြစ်သည်။

တက်ရောက်

၄င်းတောင်တက်သူများအပြင် အခြားသီးခြားအုပ်စုများ တောင်ထိပ်သို့ တက်ရောက်ခဲ့ကြသည်ဟု တာရှီဂျန်ဟူရှာပါ အမည်ရှိ တောင်တက်အဖွဲ့က ပြောကြားသည်။ ခရိုအေးရှားနိုင်ငံမှ ဒါရီဂျာဘော့စ်ဂျန်ဆစ်နှင့် သူမ၏ညီမ အိုင်းရစ်ဘော့စ်ဂျန်ဆစ်တို့သည် ဝေရက်တောင်ထိပ်သို့ စံချိန်သစ်တင် တက်ရောက်ခဲ့သည်ဟု ဖော်ပြပါသတင်းစာက ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆလိုဗေးနီးယားနိုင်ငံ ကြီးဆန့်မြို့၌ မီးသတ်တပ်ဖွဲ့ဝင်များကယ်ဆယ်ရေးလုပ်ငန်း သရုပ်ပြလေ့ကျင့်မှုကို မေ ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဗုံးဖောက်ခွဲရန် ကြံစည်ကြိုးပမ်းမှု အမျိုးသားလေးဦး နယူးယောက်၌အဖမ်းခံရ

နယူးယောက် မေ ၂၂

နယူးယောက်မြို့၌ ဗုံးခွဲတိုက်ခိုက်ရန်နှင့် စစ်ဘက်လေယာဉ်များကို ဒုံးကျည်များဖြင့် ပစ်ခတ်ရန်ကြိုးပမ်းမှုဖြင့် သံသယရှိသူလေးဦးအား ဖမ်းဆီးခဲ့ရကြောင်း အစိုးရတရားဥပဒေစိုးမိုးရေး တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ပူးပေါင်းထုတ်ပြန်

နယူးယောက်မြို့ ဘရွန့်ခရိုင်ရှိ ရေးဗားဒေးဒေသ၌ ဗုံးဖောက်ခွဲရန် စီစဉ်ခဲ့ကြသည်ဟု ဖော်ပြပါ သံသယရှိသူများအား စွပ်စွဲထားကြောင်း နယူးယောက်တောင်ပိုင်းခရိုင် ယာယီအမေရိကန်ရှေ့နေချုပ် အက်ဖ်ဘီအိုင်နှင့်နယူးယောက် ရဲတပ်ဖွဲ့တို့ ပူးပေါင်း ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

၄င်းတို့သည် စတီးဝပ်လေဆိပ်ရှိ နယူးယောက်လေတပ် အခြေစိုက်စခန်းမှ စစ်လေယာဉ်များကိုလည်း မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များဖြင့် ပစ်ခတ်ရန်စီစဉ်ခဲ့သည်ဟု စွပ်စွဲခံရကြောင်း ယင်းကြေညာချက်တွင် ဖော်ပြသည်။

၄င်းတရားခံများသည် အကြမ်းဖက်တိုက်ခိုက်မှုများတွင် ပါဝင်လိုသူများဖြစ်ပြီး ၄င်းတို့၏ အစီအစဉ်များဆောင်ရွက်ရန် လိုအပ်မည့်လက်နက်များရှာဖွေပြီး ပစ်မှတ်များ ရွေးချယ်ခဲ့ကြသည်ဟု ကြေညာချက်အရ သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ကယ်လီဖိုးနီးယား၌ ရဟတ်ယာဉ်ပျက်ကျ သုံးဦးသေဆုံး

ဝါရှင်တန် မေ ၂၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဒီဂိုမြို့အနီးရှိ ပင်လယ်ရေပြင်၌ အမေရိကန်ရေတပ်ပိုင် ရဟတ်ယာဉ် တစ်စင်း မေ ၁၉ရက်ညပိုင်းက ပျက်ကျခဲ့ရာ သုံးဦးသေဆုံးပြီး နှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း အမေရိကန်ရေတပ်က မေ ၂၀ရက်တွင် သတင်းထုတ်ပြန်သည်။

ကယ်ဆယ်

ပျောက်ဆုံးလျက်ရှိသည့် တပ်ဖွဲ့ဝင်နှစ်ဦးကို ရှာဖွေကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း ရေတပ်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လေ့ကျင့်ရေး

ယင်းရဟတ်ယာဉ်သည် ကမ်းရိုးတန်းမှ ၃၃ကီလိုမီတာအကွာ၌ လေ့ကျင့်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် ပျက်ကျခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်တိုက်ပွဲများအတွင်း ယခုနှစ်လအတွင်း စစ်သွေးကြွ ၁၀၀၀ကျော် သေဆုံးခဲ့

အစ္စလမ္မာဘတ် မေ ၂၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ဒေသများ၌ ယခုနှစ်ဧပြီလမှစ၍ ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ စစ်သွေးကြွ ၁၀၅၇ဦး သေဆုံးကြောင်း မေ ၂၀ရက်က စစ်ဘက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

ပြောကြား

ယင်းတိုက်ပွဲများကြောင့် တပ်ဖွဲ့ဝင် ၅၈ဦးပျောက်ဆုံးလျက်ရှိပြီး ဒေသခံပြည်သူ ၁၈၇ ဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အာသာအက်ဘတ်စ်က ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဆွာတန်ဝက်စ်ဒေသ၌ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြီးခဲ့သည့် ၂၄ နာရီကြာအတွင်း တာလီဘန်စစ်သွေးကြွ ၈၀ သေဆုံးခဲ့ကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။

တိုက်ခိုက်ခဲ့

ယင်းတိုက်ပွဲ၌ အကြမ်းဖက်သမားများသည် အနက်ရောင် တူညီဝတ်စုံများဝတ်ဆင်ကာ မော်တော်ယာဉ်ခြောက်စီးဖြင့် ၄င်းဒေသသို့ ဝင်ရောက်စီးနင်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ချက်ချင်းပင်ပြန်လည် ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ ၄၁ဦးသေဆုံး၊ ၇၆ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်းတွင် မေ ၂၀ရက်က ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ ၄၁ ဦးသေဆုံးပြီး ၇၆ ဦးဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပျက်စီး

ဘဂ္ဂဒက်မြို့ ရှုလာဒေသရှိ နာမည်ကျော် စားသောက်ဆိုင်အနီးတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း**(ယာပုံ)**၊ အနည်းဆုံး မော်တော်ယာဉ် ၁၀စီးခန့် ပျက်စီးသွားခဲ့ကြောင်း၊ အနီးဝန်းကျင်ရှိ ဆိုင်များကို ပိတ်စစ်ခဲ့ရပြီး ယင်းစားသောက်ဆိုင်မှာလည်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။

သေဆုံးမှုများ

ဧပြီလ၌ တိုက်ခိုက်မှုများကြောင့် အီရတ်ပြည်သူ ၃၅၅ဦးသေဆုံးခဲ့ရာ ယခုနှစ်အတွင်း သေဆုံးမှုအများဆုံးလဖြစ်ကြောင်း ယင်းသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

မော်လမြိုင်မြို့နယ်ကိုယ့်အားကိုယ်ကိုး ရေပေးဝေရေးဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း ရေဘားလှည့် ဖွင့်လှစ်ပေး

နေပြည်တော် မေ ၂၂

မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် ကိုယ့်အားကိုယ်ကိုးရေပေးဝေရေး ဖွင့်ပွဲအခမ်းအနားကို မေ ၁ရက် နံနက် ၈နာရီက အဆိုပါရပ်ကွက် ဖွင့်ပွဲမှခ်ဦး၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးက မြိုင်သာယာရပ်ကွက် ရေပေးဝေရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ရဲမှူးကြီး၊ မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူးနှင့် ရေရရှိရေးကော်မတီဥက္ကဋ္ဌတို့က ဖွင့်ပွဲမှခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းမှူးက ရေဘားလှည့်၍ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)** ရေပိုက်များသွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝေသာလီကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲ

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများ တက်ရောက်အားပေး

ရန်ကုန် မေ ၂၂

အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းမိသားစုက ဆောက်လုပ်လှူဒါန်းသည့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် သံဃာ့ဆေးရုံသစ်အား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၅ရက်က မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက သံဃာ့ဆေးရုံသစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ဆေးရုံအုပ်ချုပ်ရေးအဖွဲ့မှ ဒေါက်တာ ဦးရွှေသိန်းထံ လွှဲပြောင်းပေးအပ်ပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးများသည် သံဃာ့ဆေးရုံသစ် အဆောက်အအုံကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထောက်ပံ့ပေးအပ်

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြောက်ဦးမြို့နယ် ပြည်သူများဆေးဝါးကုသရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

တက်ရောက်အားပေး

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြောက်ဦးမြို့နယ် ဝေသာလီကျေးရွာ၌ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဝေသာလီကျေးရွာ မီးလင်းရေးကော်မတီဝင်များက ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးဦးအောင်သောင်းက ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ မီးခလုတ်ကို ဖွင့်လှစ်ပေး၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဝေသာလီ ကျေးရွာမှ ဒေသခံများနှင့် တွေ့ဆုံရာ၌ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးက ရခိုင်ပြည်နယ်ကို အခြားပြည်နယ်နှင့် တိုင်းများနှင့်နည်းတူ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်က ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်နယ်တစ်ခုလုံးရှိ ဒေသများ လျှပ်စစ်မီးသုံးစွဲနိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဝန်ကြီး ဦးအောင်သောင်းက ဝေသာလီကျေးရွာကို ကျေးရွာလျှပ်စစ်မီးရရှိအောင် စီမံဆောင်ရွက်နိုင်မှု အခြေအနေနှင့် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ရေရှည်တည်တံ့စွာ အသုံးပြုဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက နယ်မြေဒေသဖွံ့ဖြိုးရေးအတွက် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အတူတကွပူးပေါင်းဆောင်ရွက် လုပ်ကိုင်ကြရန်နှင့် ကျေးရွာမီးလင်းနိုင်ရေးအတွက် ဇီဝဘက်ထရီပြုလုပ်သုံးစွဲနိုင်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝေသာလီ ကျေးရွာမှ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အသုံးပြုနိုင်

အဆိုပါ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်တွင် ပထမဆုံး ဖွင့်လှစ်နိုင်ခဲ့ပြီး ဝေသာလီကျေးရွာရှိ အိမ်ခြေ ၂၄၀နှင့် ကျေးရွာလမ်းများ၌ လမ်းမီးတိုင် ၆၆ တိုင်တို့ကို မီးလင်းအသုံးပြုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် ရေရှည်တည်တံ့ရေးဆောင်ရွက်

နေပြည်တော်ပျဉ်းမနား မေ ၂၂

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေနှင့် ဦးစီးအရာရှိ ဦးတင်လတ်တို့သည် မေ ၁၂ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့်မြို့နယ် ရုံးဝန်ထမ်းများအားတွေ့ဆုံ၍ ဆွေးနွေးမှာကြားသည်။

စီမံချက်ရေးဆွဲ

တွေ့ဆုံပွဲသို့ ခရိုင်ဦးစီးအရာရှိ ဦးအေးဖေနှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေက ခရိုင်လုံးကျွတ် စာကြည့်တိုက်အဆောက်အအုံများ ဖွင့်လှစ်ပြီးဖြစ်ရာ စာကြည့်တိုက် ရေရှည်တည်တံ့ရေး၊ သတ်မှတ်ထားသော စံ(၅)ရပ်နှင့်ပြည့်စုံရေးနှင့် စာငှားကတ်အသုံးပြုရေးတို့ကို မြို့နယ်အလိုက် ကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားရာ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် စီမံချက်ရေးဆွဲ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လူတုပ်ကွေးရောဂါအကြောင်း ဟောပြောပွဲ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကျင်းပ

ရန်ကုန် မေ ၂၂

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ကြိုတင်ပြင်ဆင်ရေး၊ တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဆွေးနွေးပွဲကို မေ ၁၄ရက်က ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်**(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သန်းလှက ကမ္ဘာ့လူတုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ်အေးချမ်းဖြိုး)

ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့်ပြည့်နေသောငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ပွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)" အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီ အချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဒို့ကျေးရွာဂျာနယ် အတွဲ(၆)၊ အမှတ်(၁၀)ထွက်ပြီ

ရန်ကုန် မေ ၂၂

ပြိဿရာသီ ကဆုန်လ၏ စကားပန်းရနံ့နှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ်အတွဲ(၆)၊ အမှတ်(၁၀)ကို ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**



ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် ကောက်ကွက်ပြည့်စိုက်မှ စပါးအထွက်နှုန်းမြင့်မည်၊ ဝင်ငွေနှစ်ဆတိုးအောင် အကျိုးပြုနေသည့် မလစ်လျှပ်စစ်ရေတင်၊ လယ်ယာကဏ္ဍအတွက် ဇီဝလောင်စာကြွင်းအသုံးချမှုစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ စီးပွားတိုးရန်သေချာသည့်နို့စားနွား စနစ်တကျထိန်းသိမ်းမွေးမြူနည်း၊ သတိပြုစရာ ဆိတ်တွင် ဖြစ်ပွားတတ်သောရောဂါစသည့် မွေးမြူရေးဆောင်းပါးများ၊ ဒူးရင်းနှင့်ကျန်းမာရေး၊ ဒို့ကျေးရွာထွက်ကုန် ကန်စွန်းဥ၏အစွမ်း၊ ကာကွယ်ကုသ၍ရသော မျက်စိရောဂါများ၊ ပျားဖယောင်းထုတ်ယူပုံနှင့် အသုံးပြုနည်းစသည့် ကျန်းမာရေးသတင်းဆောင်းပါးများ၊ ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ ပြန်လည်ကောက်ယူရသောအရာ၊ စင်ကာပူသမ္မတနိုင်ငံအကြောင်း သိကောင်းစရာစသည့် အသိပညာပေး သုတ၊ ရသဆောင်းပါးများ၊ ပရိသတ်ကြီးအတွက် တတ်နိုင်သမျှအကောင်းဆုံးဖြစ်အောင် ကြိုးစားသီဆိုသွားမယ်ဆိုတဲ့အဆိုတော် ပန်းအိဖြူနှင့်တွေ့ဆုံခြင်း၊ အနုပညာဆောင်းပါး၊ နိုင်ငံတကာသတင်းများ၊ ပြည်တွင်းအားကစားသတင်းနှင့် နိုင်ငံတကာအားကစားသတင်းများ၊ ညောင်ပင်တစ္ဆေဝေလေလေဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ပုံပြင်၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဝယ်ယူနိုင်

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ပေးပို့နိုင်

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သရုပ်ပြလေ့ကျင့်

ကဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးသုံးဈေး၊ ရုံး၊ ခန်းမ၊ ဝန်ထမ်းအိမ်ရာနှင့် အဖွဲ့ပိုင်အဆောက်အအုံများအား မီးဘေး လုံခြုံရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များက အဖွဲ့ပိုင်အဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး မီးသတ်ကားဖြင့် သရုပ်ပြလေ့ကျင့်စဉ်။

(မြို့နယ်စည်ပင်)

အမေရိကန်နိုင်ငံသား Mr. John William Yettaw ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့်အမှုများ ပဋ္ဌမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာ

နေပြည်တော် မေ ၂၂

အမေရိကန်နိုင်ငံသား Mr. John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် အမှုများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၌ ယနေ့ ပဋ္ဌမနေ့အဖြစ် ဆက်လက်စစ်ဆေးကြားနာသည်။

ဆက်လက်စစ်ဆေး

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးက နံနက် ၁၀နာရီတွင် စတင်ရုံးထိုင်ကာ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉ အမှုမှ တရားခံ Mr. John William Yettaw အပေါ် ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃ (၁) အရ စွဲဆိုသောအမှုမှ တရားလိုပြသက်သေ ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြတ်သွင်ကို ဆက်လက်စစ်ဆေးသည်။

ကျူးကျော်ဝင်ရောက်

တရားလိုပြသက်သေ ဦးမြတ်သွင်က Mr. John William Yettaw ကို ၎င်းကိုယ်တိုင် တွေ့ဆုံမေးမြန်းကြောင်း၊ ထိုသို့ ကိုယ်တိုင်တွေ့ဆုံမေးမြန်းသည့် မေးမြန်းချက်များနှင့် Mr. John William Yettaw ကိုယ်တိုင် စာဖြင့်ရေးသားဖြေဆိုချက်များအရ သိရှိရသည်မှာ Mr. John William Yettaw သည် အမေရိကန်နိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၇ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ပထမအကြိမ် ရောက်ရှိခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ အင်းလျားကန်အတွင်းမှ ရေကူး၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ပထမအကြိမ်အဖြစ် သွားရောက်ခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ မေ၂ရက်တွင် ရောက်ရှိခဲ့ပြီး မေ ၄ရက်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်း အနောက်ဘက်သို့ အင်းလျားကန်အတွင်းမှ ရေကူး၍ ဝင်ရောက်ခဲ့ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ခဲ့ရပါကြောင်း၊ ပထမအကြိမ် ဝင်ရောက်စဉ်က ဒေါ်အောင်ဆန်းစုကြည်နှင့် မတွေ့ခဲ့ရကြောင်း၊ ခြံဝင်းအတွင်းမှ မေ ၅ရက် သန်းခေါင်ယံအချိန်တွင် ရေကူး၍ ပြန်လည်ထွက်ခွာလာရာ နံနက် ၅နာရီခန့်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ရှိရကြောင်း၊ ယင်းထွက်ဆိုချက်များကို Mr. John William Yettaw ကိုယ်တိုင် စာဖြင့်ရေးသားဖြေဆိုခြင်းဖြစ်ကြောင်း၊ နိုင်ငံခြားသားတစ်ဦးသည် ဗီဇာလျှောက်ထားစဉ်ကတည်းက ဗီဇာပါ စည်းကမ်းချက်များကို လိုက်နာပါမည်ဟူသော ဝန်ခံချက်ဖြင့် ဗီဇာလျှောက်လွှာတွင် လက်မှတ်ရေးထိုးပေးရကြောင်း၊ ဗီဇာတွင်ပါသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ၏မူဝါဒနှင့် ဆန့်ကျင်မှုပြုခြင်း၊ တည်ဆဲဥပဒေစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ခရီးသွားဗီဇာဖြင့် ရောက်ရှိလာသော နိုင်ငံခြားသားများအား ကန့်သတ်တားမြစ်ထားသည့်နေရာများသို့ သွားရောက်မှုမပြုရခြင်း စသည်တို့ဖြစ်ကြောင်း၊ Mr. John William Yettaw က တားဆီးထားသည့်နယ်မြေအတွင်း ကျူးကျော်ဝင်ရောက်ခြင်းသည် ဗီဇာပါစည်းကမ်းချက်များကို ဆန့်ကျင်ခြင်းဖြစ်ကြောင်း၊ အင်းလျားကန်အတွင်း ရေမကူးရဟု တားမြစ်ထားသည့်နေရာတွင် ရေကူးခြင်းတို့မှာ တည်ဆဲဥပဒေ၊ စည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်ကြောင်း၊ Mr. John William Yettaw ၏ နိုင်ငံကူးလက်မှတ်အမှတ်မှာ ၄၃၉၇၆၇၇၂၂ ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံးမှ ခရီးသွားဗီဇာကို ၂၀၀၈ခုနှစ် အောက်တိုဘာ ၂၇ရက်တွင် ရယူ၍ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပထမအကြိမ် ပြန်လည်ထွက်ခွာသွားသည်ကို တွေ့ရကြောင်း၊ ဒုတိယအကြိမ်တွင် အထက်ပါနိုင်ငံကူးလက်မှတ်ဖြင့်ပင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ မြန်မာနိုင်ငံသံရုံးမှ ခရီးသွားဗီဇာ EVT(FTI) အမှတ် ၈၄၇ကို ဧပြီ ၂၇ရက်တွင် ရယူ၍ Bangkok Airway ခရီးစဉ်အမှတ် PG 701 ဖြင့် မေ ၂ရက်တွင် ရန်ကုန်မြို့သို့ဝင်ရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ Mr. John William Yettaw သည် ဗီဇာပါစည်းကမ်းချက်များကို ဖောက်ဖျက်သဖြင့် ၁၉၄၇ခုနှစ် လူဝင်မှုကြီးကြပ်ရေး (အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၄(၁)ကို ချိုးဖောက်သောကြောင့် ယင်းအက်ဥပဒေပုဒ်မ ၁၃(၁)အရ ပြစ်မှုကျူးလွန်ပါကြောင်း ထွက်ဆိုသည်။

ပြန်လည်ဝင်ရောက်လာ

ထို့နောက် တရားလိုပြသက်သေ သတင်းတပ်ဖွဲ့မှ ရဲအုပ်မြင့်အေးကို ဆက်လက်စစ်ဆေးရာ မိမိသည် သတင်းတပ်ဖွဲ့လေဆိပ်ဌာနတွင် တာဝန်ကျကြောင်း၊ လေဆိပ်သတင်းတပ်ဖွဲ့၏တာဝန်များထဲမှ နိုင်ငံခြားသား ဝင်ထွက်မှုကို မှတ်တမ်းရယူကာ စောင့်ကြည့် သတင်းတင်ပြသော တာဝန်ပါရှိကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း အမေရိကန်နိုင်ငံသား နိုင်ငံကူးလက်မှတ်အမှတ် ၄၃၉၇၆၇၇၂၂၊ ထုတ်ပေးရက်စွဲ ၂၈-၄-၂၀၀၈ နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသူ Mr. John William Yettaw သည် ကမ္ဘာလှည့်ဗီဇာ EVT(FTI) ကိုင်ဆောင်၍ ၂၀၀၈ခုနှစ် နိုဝင်ဘာ ၇ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဝင်ရောက်ခဲ့ပြီး ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် Bangkok Airway လေကြောင်းခရီးစဉ်အမှတ် ၇၀၂ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါနိုင်ငံခြားသားသည် မေ ၂ရက်တွင် Bangkok Airway ခရီးစဉ်အမှတ် PG 701 ဖြင့် ထိုင်းနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း၊ အဆိုပါနိုင်ငံခြားသား ဝင်ရောက်ထွက်ခွာမှုကို လေဆိပ်လဝကမှ မိမိတို့သတင်းတပ်ဖွဲ့သို့ပေးပို့သည့် အကြောင်းကြားစာအရလည်းကောင်း၊ မိမိတို့ လေဆိပ်သတင်းတပ်ဖွဲ့မှတ်တမ်းများအရလည်းကောင်း သိရှိရကြောင်း ထွက်ဆိုသည်။

ဆက်လက်၍ တရားလိုပြသက်သေ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့ ပြည်ပရေးရာဌာနမှ ဒုတိယရဲမှူးစကျော်ဝင်းနှင့် ဗျူးတီးလဲန်း(၂)ဟိုတယ်မန်နေဂျာ ဦးကျော်သူတို့ကို ဆက်လက် စစ်ဆေးရာ ဒုတိယရဲမှူး စကျော်ဝင်းက Mr.John William Yettaw တည်းခိုသည့် ဗျူးတီးလဲန်း(၂)ဟိုတယ် ငါးထပ်၌ ဒိုင်းမွန်းအမည်ရှိ အခန်းအတွင်း ကျန်ရစ်သော Mr.John William Yettaw ပိုင်ပစ္စည်း ဖိုသမျိုးနှင့် အမေရိကန်ဒေါ်လာ (၁၀၀)တန် သုံးရွက်တို့ကိုသိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဟိုတယ်မန်နေဂျာ ဦးကျော်သူက ၎င်း၏ဟိုတယ်တွင် Mr.John William Yettaw တည်းခိုခြင်းနှင့် ၎င်းပိုင် ပစ္စည်းများကို ဒုတိယရဲမှူး စကျော်ဝင်းအား ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉အမှုတွင် ထွက်ဆိုခဲ့သည့်အတိုင်း ထွက်ဆိုသွားကြသည်။

လွတ်လပ်သောဆန္ဒအရဖြေဆို

ယင်းနောက် Mr.John William Yettaw အပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၂၈အရစွဲဆိုသော ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉/၂၀၀၉အမှုမှ တရားလိုပြသက်သေ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့မှ ရဲအုပ် ဖုန်းခေါ်ခိုင်အား ဆက်လက်စစ်ဆေးရာ မိမိသည် သတင်းတပ်ဖွဲ့ပြည်ပရေးရာဌာန ဘာသာပြန်ဌာနစိတ်တွင် တာဝန်ထမ်းဆောင်ကြောင်း၊ မိမိသည် မေ၆ရက် နံနက် ၈နာရီခန့်တွင် ယခုရုံးရှေ့ရှိ နိုင်ငံခြားသား Mr.John William Yettaw အားမေးမြန်းရာ၌ ဘာသာပြန်ဆိုပေးရန် တာဝန်ပေးချက်အရ စစ်မေးခဲ့ရကြောင်း၊ နိုင်ငံခြားသားက မေးမြန်းချက်ကို နှုတ်ဖြင့်ဖြေဆိုသည့်အပြင် စာဖြင့်လည်းရေးသားပေးကြောင်း၊ မိမိအနေဖြင့် ဘာသာပြန်မေးမြန်းခြင်းကို ဒုတိယရဲမှူးကြီးမောင်မောင်ခင်နှင့်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ Mr.John William Yettaw က ၎င်း၏ လွတ်လပ်သော ဆန္ဒအရ ဖြေဆိုခြင်းဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

မွန်းလွဲပိုင်းတွင် Mr.John William Yettaw၊ ဒေါ်အောင်ဆန်းစုကြည်၊ ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမတို့အပေါ် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇/၂၀၀၉ အမှုမှ တရားလိုပြသက်သေ ဦးမြတ်သွင်ကို စစ်ဆေးသည်။ ဦးမြတ်သွင်က မိမိသည် ကျောက်တံတားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဦးစီးမှူး ဖြစ်ကြောင်း၊ သက်သေခံ (ဂ-၂) Mr.John William Yettaw ၏ နိုင်ငံကူးလက်မှတ်အရ မြန်မာနိုင်ငံသို့ နှစ်ကြိမ် ဝင်ရောက်ခဲ့သည်ကို တွေ့ရကြောင်း၊ ၂၀၀၈ ခုနှစ် နိုဝင်ဘာ၇ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ တစ်ဆင့် ဝင်ရောက်လာပြီး ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃ရက်တွင် ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွား ကြောင်း၊ ယခုအကြိမ်၌ မေ ၂ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ဝင်ရောက်လာကြောင်း၊ မေ ၃၀ရက်အထိ နေထိုင်ခွင့်ရှိသည်ကိုတွေ့ရကြောင်း၊ မိမိက Mr.John William Yettaw ကိုစစ်ဆေးရာတွင် လွတ်လပ်စွာ ၎င်း၏သဘောဆန္ဒအတိုင်း ပြောဆိုခြင်းဖြစ်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။

တားဆီးမိန့်ဖောက်ဖျက်

ထို့နောက်တရားလိုပြသက်သေ မြန်မာနိုင်ငံသတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ထွန်းကို ဆက်လက်စစ်ဆေးရာတွင် ရုံးရှေ့ရှိ ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ ကန့်သတ်မိန့်၊ တားဆီးမိန့်များနှင့် တားဆီးခံထားရသူဖြစ်ကြောင်း၊ ကန့်သတ်မိန့်ထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသော မူလအခွင့်အရေးများထဲက ပုဒ်မ ၁၄၈(ဂ)၊ ၁၅၇၊ ၁၅၈၊ ၁၅၉(က) (ခ)နှင့် ၁၆၀တို့တွင် ပါရှိသည့် မူလအခွင့် အရေးများကို ကန့်သတ်ထားခြင်းဖြစ်ကြောင်း၊ ယင်းသို့ ကန့်သတ်ထားသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် မည်သူတစ်စုံတစ်ဦးကိုမျှ တွေ့ဆုံခြင်း၊ ဆက်သွယ်ခြင်း၊ လက်ခံ စကားပြောဆိုခြင်း၊ ညအိပ်ညနေတည်းခိုခွင့် ပြုလုပ်နိုင်သည့် အခွင့်အရေးများမရှိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စအဝဝကို တောင်းဆိုလာသည့်အခါ မိမိတို့က ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးရကြောင်း၊ နိုင်ငံတော်က ခွင့်ပြုသည့် ကိစ္စများတွင် မိမိကပင် ဒေါ်အောင်ဆန်းစုကြည်ထံ ဆက်သွယ်ပြောကြားပြီး ပို့ပေးခြင်း၊ ကြိုပေးခြင်း ကိစ္စအဝဝကို ဆောင်ရွက်ပေးရကြောင်း၊ ကန့်သတ်မိန့်ပြီးနောက် တားဆီးမိန့်ကို ထုတ်ပြန်ပါကြောင်း၊ တားဆီးမိန့်များထဲတွင် ပါသည့် အချက်များမှာ သံရုံးများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများနှင့် ဆက်နွှယ်သူများနှင့် မဆက်သွယ်ရန်၊ နေအိမ်မှအပ ပြင်ပသို့ ထွက်ခွင့် လုံးဝမပြုရန်၊ အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြောကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်း မပြုရန်ဟုပါရှိကြောင်း၊ တားဆီးမိန့် သက်တမ်းပြည့်သွားသည့်အခါ ဆက်လက်တားဆီးမိန့် ထုတ်ပြန်ခဲ့ပါကြောင်း၊ ကန့်သတ်မိန့်သည် ပျက်ပြယ်ခြင်း မရှိသည့်အပြင် တားဆီးမိန့်များကို ဆက်လက် ထုတ်ပြန်သော်လည်း ကန့်သတ်မိန့်မှာ ဆက်လက်တည်မြဲလျက်ရှိကြောင်း၊ တားဆီးမိန့်တွင်ပါသည့် စည်းကမ်းချက်များကို ဒေါ်အောင်ဆန်းစုကြည်က ချိုးဖောက်ခြင်း မရှိပါဟု ၎င်း၏ ရှေ့နေ ဦးဉာဏ်ဝင်းကမေးမြန်းရာတွင် တားဆီးမိန့်တွင်ပါသော အခြားသို့ စာဖြင့်သော်လည်းကောင်း၊ စကားပြော ကြေးနန်းဖြင့်သော်လည်းကောင်း ဆက်သွယ်ခြင်း မပြုရန်ဆိုသည့် အချက်ကို ချိုးဖောက်ရာရောက်ကြောင်း၊ ထိုအချက်နှင့် စပ်လျဉ်း၍ အခြားမှ စာအုပ်များ၊ စာများ လာရောက် ဆက်သွယ်သည့် ဖြစ်စဉ်များနှင့် အကျုံးဝင်သည့်အတွက် တားဆီးမိန့်ကို ဖောက်ဖျက်ရာရောက်ကြောင်း ရှင်းလင်း ထွက်ဆိုသည်။

စွဲချက်အသီးသီးတင်

ယင်းနောက် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်၄၇/၂၀၀၉တွင် တရားခံဒေါ်အောင်ဆန်းစုကြည်အပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ၂၂အရလည်းကောင်း၊ တရားခံ ဒေါ်ခင်ခင်ဝင်းအပေါ် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၉ အရလည်းကောင်း၊ တရားခံ မဝင်းမမ(ခ)အငယ်လေးအပေါ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၉ အရလည်းကောင်း၊ တရားခံMr.John William Yettaw အပေါ် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ၂၂/ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၉ အရလည်းကောင်း စွဲချက်အသီးသီးတင်ခဲ့ရာ တရားခံများက အပြစ်မရှိကြောင်း ငြင်းဆိုကြသည်။

ထို့နောက် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၈/၂၀၀၉တွင် တရားခံ Mr.John William Yettaw အပေါ် ၁၉၄၇ခုနှစ် လူဝင်မှုကြီးကြပ်ရေး(အရေးပေါ်ပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၃(၁)အရလည်းကောင်း၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၉/၂၀၀၉ တွင် ၎င်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂၈အရလည်းကောင်း စွဲချက်တင်ခဲ့ရာ တရားခံက အပြစ်မရှိကြောင်း ငြင်းဆိုသည်။

အမှုများကို ဆက်လက်စစ်ဆေးကြားနာရန်အတွက် မေ ၂၅ရက် နံနက် ၁၀နာရီသို့ ချိန်းဆိုလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့ ဇီဝဘက်ထရီများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ရဲတပ်ဖွဲ့က ဇီဝဘက်ထရီများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းက အမှာစကားပြောကြားပြီး ဇီဝဘက်ထရီ ထုတ်ယူအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်အောင်က ဇီဝဘက်ထရီ ၅၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အောင်ဝင်းသို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

အဆိုပါ ဇီဝဘက်ထရီများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ စုစုပေါင်း ၇၄ခုအတွင်း၌ အသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဘိုခရိုင်၏ ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်

ရွှေဘို မေ ၂၂

ရွှေဘိုမြို့ ရန်ကြီးအောင်ခန်းမ၌ ဧပြီ ၃၀ ရက် နံနက် ၉ နာရီက ရွှေဘိုခရိုင်၏ ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အမှာစကား

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်က ရွှေဘိုခရိုင်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

တာဝန်ပေးအပ်

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံးချိုက ခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား စီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

တွံတေး၌ ကြက်ငှက်တုပ်ကွေး ကာကွယ်ထိန်းချုပ်မှု သင်တန်းဖွင့်

တွံတေး မေ ၂၂

တွံတေးမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် CARE Myanmar တို့ပူးပေါင်း၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ လူထုအသိပညာမြှင့်တင်ရေး ဖွံ့ဖြိုးရေးလုပ်သားများ ဆင့်ပွားသင်တန်းကို မေ ၆ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သာဇံက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာ အေးသဉ္ဇာခိုင်က သင်တန်းဖွင့်လှစ်ပို့ချရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဆရာဝန်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သင်တန်းသား၂၀ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

* *ကျော်ဖုံးမှ*

အင်းလေးဒေသ၌ သတင်းအဖွဲ့ လေ့လာကြည့်ရှုကြစဉ် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ထုတ်လုပ်နေကြသော ကျေးရွာလေးများကို တွေ့ရှိခဲ့သည်။ ဤသို့ ထုတ်လုပ်နေကြသဖြင့်လည်း အင်းလေးဒေသ ရောင်းဝယ်မှုဈေးကွက်၌ ပစ္စည်းစုံ၊ အမယ်စုံများကို ပြသရောင်းချနိုင်ခြင်းဖြစ်သည်။



ပိုးချည်ငင်စက်ဖြင့် ဤသို့ချည်ငင် ရက်လုပ်ကြသည်။ (မြန်မာ့အလင်း)

ရိုးရာပိုးထည်ရက်လုပ်ငန်း

သတင်းအဖွဲ့ အင်းလေးဒေသရှိ အင်းပေါခုံကျေးရွာသို့ မေ ၁၂ရက် နံနက်ပိုင်းတွင် ရောက်ရှိစဉ် မြစကြာ ရိုးရာပိုးထည်ရက်လုပ်ငန်းကို ဝင်ရောက်လေ့လာမိခဲ့သည်။ မြစကြာပိုးထည်ရက်လုပ်ငန်းရှင်ဖြစ်သူ ဒေါ်နန်းမြဦးနှင့် တွေ့ဆုံ၍ ပိုးထည်ရက်လုပ်မှုလုပ်ငန်းများကို မေးမြန်းမိရာတွင် "ကျွန်မတို့ လုပ်ငန်းမှာ ပိုးထည်ရက်လုပ်မှုကို အဓိက လုပ်ကိုင်ပါတယ်။ ချည်ထည်ရက်လုပ်မှုနဲ့ အော်ဒါပေးမှာယူပါက ကြာသင်္ကန်းများကိုလည်း ရက်လုပ်ပေးပါတယ်။ အလုပ်ရုံက ထုတ်လုပ်မှုအဆင့်အလိုက် အလုပ်ရုံလေးရုံရှိပါတယ်။ ရက်ကန်းစင် အနေဖြင့် ၁၀၀ လောက်ရှိပါတယ်။ ထုတ်ကုန်တွေက ပိုးဇင်းမယ်၊ ပိုးပြောင်၊ ပိုးပဝါမျိုးစုံများ ရက်လုပ်ပြီး ရိုးရာပိုးအင်္ကျီ၊ ပုဆိုးများကိုလည်း ရက်လုပ်ပါတယ်။ ပြည်တွင်းပြည်ပ ခရီးသွားတွေ လာရောက်ဝယ်ယူမှုရှိပါတယ်။ နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိအင်းလေးကို ဧည့်သည်အလာများတဲ့အတွက်ရောင်းအားကောင်းတဲ့အချိန်ဖြစ်ပါတယ်။ ကုန်ကြမ်းပိုးချည်ကို ပြည်တွင်းနဲ့ ပြည်ပက ဝယ်ယူပါတယ်။ ကျွန်မတို့ ဒီလုပ်ငန်းကို အဘိုးအဘွားတွေလက်ထက်ကတည်းက လုပ်ခဲ့တာပါ" ဟု ဖြေကြားသည်။

ရက်ကန်းအလုပ်ရုံ၌ အရောင်းပြခန်းကိုပါ ခင်းကျင်းပြသထားပြီး အရောင်စုံ၊ ဒီဇိုင်းစုံ ပိုးထည်ချည်ထည်များကို မြင်သူငေးမောနိုင်အောင် ပြသထားသည်။ နှစ်ကြာရှည်စွာ လုပ်ကိုင်ခဲ့သော ပိုးထည်ရက်လုပ်ငန်းကို မိမိလက်ထက်၌ တိုးတက်ဆန်းသစ်အောင် အမြဲလုပ်ကိုင် ဆောင်ရွက်နေကြောင်း၊ လုပ်ငန်းကို ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်ကြောင်း အမျိုးသမီးတစ်ဦး အနေဖြင့် နိုင်နိုင်နင်းနင်း စီမံခန့်ခွဲလုပ်ကိုင်နေသည်ကို တွေ့ခဲ့ရသည်။

ဆည်ခေါင်းရွာ

မြစကြာ ပိုးထည်ရက်လုပ်ငန်းခွင်၌ သတင်းအဖွဲ့ မေးမြန်းလေ့လာ ကြည့်ရှုခဲ့ပြီးနောက် စက်တပ်လှေဖြင့် ဆက်လက်ထွက်ခွာ၍ ပန်းပဲလုပ်ငန်းများလုပ်ကိုင်သော ဆည်ခေါင်းရွာသို့ ရောက်ရှိခဲ့သည်။ ထိုဆည်ခေါင်းရွာသည် အင်းလေးဒေသ၌ ရှိသော်လည်း ရွာသားများသည် အင်းလုပ်ငန်း မလုပ်ကိုင်ဘဲ ပန်းပဲလုပ်ငန်းကိုသာ ရွာတည်ကတည်းက လုပ်ကိုင်ကြောင်း သိရသည်။ ရွာ၌ အိမ်ခြေ ၁၀၀ခန့်ရှိသည်။

ပိုးထည် ရက်လုပ်ရာတွင် အသုံးပြုမည့် ပိုးချည်လုံးများ။ (မြန်မာ့အလင်း)

ပန်းပဲလုပ်ငန်း

ဆည်ခေါင်းရွာရှိ ကိုဇော်လွင်မိသားစု ပန်းပဲလုပ်ငန်းသို့ သွားရောက်၍ သိလိုသည်များမေးမြန်းခဲ့ရာ "ကျွန်တော်တို့ ပန်းပဲလုပ်ငန်းမှာ သံထည်ကိုပဲလုပ်ကိုင်ပါတယ်။ ဓားအမျိုးမျိုးကို အဓိက ထုတ်လုပ်ပြီး ကုန်ကြမ်းပစ္စည်း သံထည်ဟောင်းတွေကို တောင်ကြီးဘက်က ဝယ်ယူပါတယ်။ လုပ်ငန်းမှာ ပန်းပဲဖိုသုံးခုရှိပြီး ဓားလုပ်မယ်ဆိုရင် တစ်နေ့ကို ဓားအလက် ၂၅ချောင်းလောက်ထွက်ပါတယ်။ အလုပ်သမားတွေကတော့ ဆွေမျိုးညီအစ်ကိုတွေပဲ လုပ်ကြတာပါ။ စည်းစည်းလုံးလုံးနဲ့လုပ်ကိုင်ကြလို့ ဘာပြဿနာမှ မရှိပါဘူး" ဟု ဖြေကြားပေးသည်။

အင်းလေးဒေသ ရွှေခြည်သို့ရိုးရာ ထည်လုပ်ငန်းမှ အလုပ်သမများ လုပ်ငန်းခွင်ဝင်နေစဉ်။ (မြန်မာ့အလင်း)

ရောင်းချရန်ပြသ

လုပ်ငန်းခွင်၌ ပန်းပဲအလုပ်သမားများကို တူထုသူကထု၊ မီးထိုးပေးသူကပေးနှင့် တက်ညီလက်ညီ ဩသံဟစ်၍ လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ထုတ်လုပ်ထားသော ပန်းပဲပစ္စည်းများကိုလည်း ရောင်းချရန်ပြသပေးထားသည်။

အင်းဒေသမှာ နေထိုင်သော်လည်း အင်းလုပ်ငန်း မလုပ်ကိုင်ဘဲ သံထည်ကို ပုံသွင်း၍ ပန်းပဲလုပ်ငန်း လုပ်ကိုင်နေသော ဆည်ခေါင်းရွာ၌ သတင်းအဖွဲ့ လေ့လာပြီးနောက် သာလေးရွာရှိ ရိုးရာချည်ထည်များရက်လုပ်သော ရွှေခြည်သို့ ရက်ကန်းရုံသို့ ဆက်လက်၍ ရောက်ဖြစ်ခဲ့သည်။

ရက်ကန်းရုံသို့ ရောက်ရောက်ချင်းပင် အဝင်ဝအရောင်းပြခန်း၌ ရက်ကန်းရုံမှ ထုတ်လုပ်ထားသော ရိုးရာအထည်များ၊ ခြုံစောင်၊ မာဖလာ၊ ရှမ်းအင်္ကျီ၊ ရှမ်းဘောင်းဘီ၊ အင်းလေးပုဆိုး၊ ထဘီများကို မြင်ရသူ ဝယ်ယူချင်စိတ်ပေါက်အောင် အရောင်အသွေးစုံစုံ၊ ခေတ်မီဒီဇိုင်း အမျိုးမျိုး ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ရွှေခြည်သို့ ရက်ကန်းရုံမှ ထုတ်လုပ်သော ရိုးရာအထည်များနှင့် ပတ်သက်၍ စိတ်ဝင်စားသဖြင့် ရက်ကန်းရုံမှ မရွှေမန်းလွင်အား မေးမြန်းမိရာ "ကျွန်မတို့ အလုပ်ရုံက လုပ်ငန်း လုပ်ကိုင်လာတာ ၁၅နှစ်ရှိပါပြီ။ ရိုးရာ အင်းလေးအထည်များကို ခေတ်မီပုံစံ အမျိုးမျိုးဖြင့် ထုတ်လုပ်ပါတယ်။ အင်းလေးဒေသကို အလည်လာတဲ့ဧည့်သည်တွေက ရိုးရာအင်းလေး အထည်များကို စိတ်ဝင်စား နှစ်သက်၍ ဝယ်ယူကြပါတယ်။ကျွန်မတို့ဆီက ရိုးရာအထည်များကို ရန်ကုန်ကိုလည်း ဖြန့်ချိရောင်းချပေးပါတယ်။

ဆေးလက်ဖက်

"အခုနောက်ဆုံးအနေနဲ့ သဘာဝလက်ဖက်နဲ့ပြုလုပ်တဲ့ ဆေးလက်ဖက်ခေါင်းအုံးကိုလည်း ထုတ်လုပ်နေပါတယ်။ ကျယ်ကျယ်ပြန့်ပြန့်တော့ ရောင်းချမှုမရှိသေးပါဘူး။ အင်းလေးပွဲတော်ကာလ အလည်လာတဲ့ ဧည့်သည်များကိုပဲ အဓိက ရောင်းချမှုပဲရှိပါသေးတယ်" ဟု ထုတ်ကုန်အသစ်ထုတ်လုပ်ထားမှုနှင့် ပတ်သက်၍ ပြောပြသည်။ လက်ဖက်ကို ကျန်းမာရေးနှင့်ပတ်သက်၍ အသုံးဝင်ပစ္စည်းထုတ်လုပ်ခြင်းဖြစ်သည်။

မြစကြာ ရက်ကန်းလုပ်ငန်းမှ ရက်ကန်းအလုပ်သမများ ရက်ကန်း ရက်လုပ်ဟန်။ (မြန်မာ့အလင်း)

အမြင်ဆန်းစွာ

ထိုသာလေးရွာ၌ပင် အင်းလေးဒေသသို့လာရောက်သော ဧည့်သည်များအတွက် အနားယူတည်းခိုနိုင်ရန် ဆောက်လုပ်ထားသော ရေပေါ်ဟိုတယ်တစ်ခု ဖြစ်သည့် ရွှေအင်းသာဟိုတယ်၏ ရိုးရိုးလေးနှင့် အမြင်ဆန်းစွာ ဆောက်လုပ်ထားမှုကို စိတ်ဝင်စား၍ ဝင်ရောက်လေ့လာဖြစ်ခဲ့သည်။

ရွှေအင်းသာဟိုတယ်တွင် ရိုးရာဒီဇိုင်းပုံစံများဖြင့် အခန်းဖွဲ့စည်းထားပုံကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

ရွှေအင်းသာဟိုတယ်၏ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်တင်ရီနှင့် တွေ့ဆုံ၍ ဟိုတယ်လုပ်ငန်းနှင့် ပတ်သက်၍ စူးစမ်းကြည့်ရာတွင် "ကျွန်မက ဒီအင်းလေးက သာလေးရွာသူတစ်ဦးပါပဲ။ ၁၉၉၅ခုနှစ်ကစပြီး ဒီဟိုတယ်လုပ်ငန်းကို လုပ်ကိုင်ခဲ့တာပါ။ ဟိုတယ်ကို တစ်နှစ်ပတ်လုံး ဖွင့်ထားပေးပါတယ်။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လတွေမှာ ဟိုတယ်ကို အီတလီနဲ့ စပိန်က ကမ္ဘာလှည့် ဧည့်သည်တွေ လာတတ်ပါတယ်။ ဟိုတယ်ရဲ့ ဝန်ဆောင်မှုအနေဖြင့် ဧည့်သည်ကို မိမိအိမ်မှာနေသလို ခံစားရအောင် လုပ်ပေးထားပါတယ်။

"ဟိုတယ်အခန်းများကို ကျွန်မရဲ့ စိတ်ကူးနဲ့ ရိုးရာလက်မှုပစ္စည်းများကို အသုံးပြုပြီး မြန်မာကို ကမ္ဘာကသိအောင် ဖွဲ့စည်းဆောက်လုပ်ထားပါတယ်။ ထူးခြားချက်အနေဖြင့် ဟိုတယ်မှာ ရေပေါ်ရေကူးကန်ကို ဆောက်လုပ်ထားပါတယ်" ဟု သူမ၏ လုပ်ငန်းနှင့်ပတ်သက်၍ မိန်းမသားဖြစ်သော်လည်း အင်းလေး၏ ရိုးရာဓလေ့ကို ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ သိအောင် လုပ်ဆောင်ထားကြောင်း၊ ၂၆နှစ်ကျော် ဖြတ်သန်းခဲ့ရသော လုပ်ငန်းအတွေ့အကြုံနှင့် ဟိုတယ်မှာ စိတ်နှစ်မြုပ်၍ လုပ်ကိုင်နေကြောင်း အားမာန်အပြည့်နှင့် အင်းသူတစ်ဦး၏ ရိုးရာဓလေ့ မြတ်နိုးစိတ်ကို ဖွင့်ဟပြောကြားခဲ့သည်။



မြစကြာ ပိုးထည်လုပ်ငန်းမှ ရက်လုပ်ပြီး ပိုးချည်ထည်များကို အရောင်အသွေးစုံစွာ ခင်းကျင်းပြသထားသည်။ (မြန်မာ့အလင်း)

အင်းလေးဒေသ၏ အခြားသော ကျေးရွာများ၌လည်း ရွှေပန်းထိမ်၊ ငွေပန်းထိမ်လုပ်ကိုင်သောကျေးရွာ၊ မုန့်ပဲသရေစာလုပ်ငန်းလုပ်ကိုင်သောကျေးရွာ၊ လက်သမားလုပ်ငန်း၊ မြေအိုးမြေခွက်လုပ်ငန်း၊ ခရမ်းချဉ်သီးစိုက်ပျိုးရေးလုပ်ငန်း၊ နိဗ္ဗာန်ကုန်လုပ်ငန်းများ လုပ်ကိုင်သော ကျေးရွာများလည်း အသီးသီးရှိကြပါသေးသည်။

လှပသော အင်းရေပြင်နှင့် ရိုးရာလက်မှုလုပ်ငန်းများ လုပ်ကိုင်ကြသော အင်းသားတို့၏ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ငန်းများက အလည်လာသူ ပြည်တွင်းပြည်ပ ဧည့်သည်များအတွက် လေ့လာချင်စဖွယ်စိတ်ဝင်စားဖွယ်ကောင်းသော ကျေးရွာများပင်ဖြစ်ပါတော့သည်။ ။ **(မြန်မာ့အလင်း)**

❒ ရှေ့ဖုံးမှ

အချို့အမေအိုကြီးတို့မှာ ပြေးဆွဲတော့မည့် ရထားကြီးကို ငေးမောရင်း ဝမ်းသာမျက်ရည်များပင် လည်နေကြတော့သည်။

ပြည်တော်သာဘူတာမှ ထွက်ခွာလာပြီးနောက် စစ်တွေဘူတာတွင် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်းဖွင့်ပွဲကို ကျင်းပခဲ့ရာ ဖွင့်ပွဲလက်ခုပ်သံတို့ကား မိုးယံသို့တိုင် ပွက်ပွက်လှိုင်နေတော့သည်။ နောင်အစဉ်ထာဝရ တည်ရှိနေတော့မည့် ရထားလမ်းကြီးနှင့်အတူတိုင်းရင်းသားပြည်သူတို့၏ပြည်ထောင်စုစိတ်ဓာတ်ကား ထာဝရ ခိုင်မာနေတော့မည်ဟု ကမ္ဘာမြေကို သက်သေထူသလိုသာ ရှိတော့သည်။ ရထားပေါ်တွင် အတူစီးနင်းလိုက်ပါလာကြသော စစ်တွေမြို့မှ ကျောင်းသား ကျောင်းသူလေးများကလည်း ဇာတိမာန်၊ ကမ္ဘာမကြေ၊ မြန်မာ့ကျောင်း သီချင်းတို့အား သံပြိုင်သီဆိုလာကြရာ မြန်မာ့အား မြန်မာ့မာန်ဖြင့် တည်ဆောက်ခဲ့ရသော ရထားလမ်းကြီးကို ပိုမိုခိုင်မာစေရေး ပြည်ထောင်စုစိတ်ဓာတ် သံမှိုဖြင့် ထပ်မံစွဲသလိုပင် ခံစားရပေသည်။

တိုးတက်ဖြစ်ထွန်း

ထို့အတူ အထူး ရထားကြီး ထွက်ခွာလာသော လမ်းတစ်လျှောက် ဖြတ်သန်းရသောစစ်တွေတက္ကသိုလ်၊ ဒါးပိုင်၊ ဇော်ဘူဂျာ၊ မယ်ဇလီကုန်းနှင့် ခရီးဆုံး ရေချမ်းပြင် ဘူတာများတွင်လည်းကောင်း၊ ဖြတ်သန်းသမျှ ရွာများမှလည်းကောင်း ရွာလုံးကျွတ်မျှ ရွာပြင်ထွက် နှုတ်ဆက်အားပေးကြသည်မှာ ရထားမောင်းသူ အဖို့ တောင်ပံပါလျှင် မိုးပေါ်သာ ပျံတက်ချင်တော့သည် ဆိုရလောက်အောင်ပင် အားအင်ဖြစ်ရတော့သည်။ မှန်ပေသည်။ လာမည့်ကာလများတွင် သွားရေး၊ လာရေး၊ ကုန်သန်းရောင်းဝယ်ရေးနှင့် လူမှုရေးကိစ္စတို့ကို ကားဖြင့်သာမက ဤရထားကြီး အားကိုးဖြင့် အကျယ်တဝင့် ဆောင်ရွက်နိုင်ပြီး တိုးတက်ဖြစ်ထွန်းကြပေတော့မည်။ သို့ဖြင့် ဒေသခံ ပြည်သူတို့အတွက် ဤရထားကြီးကား နတ်တို့ဖန်ဆင်းသည့် ပန်းရထားယာဉ်ပမာ ဖြစ်ပေရာ မည်သူက အားရဝမ်းသာ လက်ပြနှုတ်မဆက်ဘဲ နေနိုင်ပါအံ့နည်း။

သူတို့ ဝမ်းသာမည်ဆိုလည်း သာလောက်ပါပေသည်။ ဤရထားလမ်းကြီးကားမြင်ရလွယ်သလောက် အလွယ်တကူဖြစ်ပေါ်လာခြင်းတော့ မဟုတ်ပေ။ ဤနေရာ ဤဒေသကား ကမ်းရိုးတန်းဒေသ၊ ပင်လယ်ကမ်းခြေဒေသ ဖြစ်ပေရာ နေရာအတော်များများတွင် တောင်ကုန်းတောင်တန်းများက တည်ရှိနေသလို အချို့နေရာများတွင်မူ ရွှံ့ညွန်မြေများက နေရာယူထားကြပြန်သည်။မြေပြန့်မြေမာနည်းပါးလှသည်နှင့်အမျှအမာခံမြေသားလိုအပ်မှု အရေးကြီးလှသည့် ရထားလမ်းလုပ်ငန်းအတွက် အခက်အခဲများက လုပ်ငန်းဆောင်ရွက်သူများကို အင်နှင့် အားနှင့် စောင့်ကြိုလျက်ရှိပေသည်။ မြန်မာနိုင်ငံတွင် မီးရထားလုပ်ငန်းကိုစတင်ထူထောင်သူ ဗြိတိသျှနယ်ချဲ့အစိုးရကလည်း ၎င်းတို့အတွက် အကျိုးအမြတ် မမြင်သဖြင့် ဤဒေသအတွက်ဆောင်ရွက်မပေးခဲ့ခြင်း ဖြစ်ရာဒေသခံများအဖို့ မြေပြန့်ဒေသသို့ ခရီးထွက်ဖူးသူမှအပ မီးရထားဆိုသည်ကို ရုပ်မြင်သံကြား၊ ဓာတ်ပုံနှင့် ပန်းချီကားချပ်များထဲ၌သာ မြင်ဖူးကြသည့်အနေအထား ဖြစ်ပေသည်။ ဤသို့သော အခြေအနေမှ ယခုတိုင်အောင် ဖြစ်ပေါ်တိုးတက်လာစေရန်အတွက် နိုင်ငံတော်မှ အားထုတ်ကြိုးပမ်းခဲ့ခြင်းကား အတိုင်းအဆကြီးမားလှပေသည်။

ပိုင်းခြားထား

ရခိုင်ပြည်နယ်သည် ဧရိယာ စတုရန်းမိုင်ပေါင်း ၁၄၀၀၀ ကျော် ကျယ်ဝန်းပြီး ခရိုင်လေးခရိုင်၊ မြို့နယ် ၁၇မြို့နယ်တို့ဖြင့် ဖွဲ့စည်းထားကာ လူဦးရေအားဖြင့် သုံးသန်းကျော် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သည့် ပြည်နယ်တစ်ခုဖြစ်သည်။ပထဝီအနေအထားအရ တောင်တန်းကြီးများ၊ မြစ်ချောင်းများနှင့် ပင်လယ်ပြင်တို့ဖြင့် ပိုင်းခြားထားသဖြင့် တစ်ချိန်က အခြားဒေသများသို့ သွားလာဆက်သွယ်ရန် အခက်အခဲ အတားအဆီးများဖြစ်ပေါ်နေခဲ့၍ တိုင်းရင်းသား အချင်းချင်း ကူးလူးဆက်သွယ် ဆက်ဆံရာတွင် အဟန့်အတားများ ဖြစ်စေခဲ့ပါသည်။

အစိုးရ အဆက်ဆက်အနေဖြင့် ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်မပေးနိုင်ခဲ့ကြသော်လည်းတပ်မတော်အစိုးရလက်ထက်တွင်မူ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား၍ ဆောင်ရွက်ပေးလျက်ရှိသည်။ သဘာဝ အတားအဆီးများကြောင့် ပိုမိုဝေးကွာသလို ဖြစ်နေရသည့် ရခိုင်ပြည်နယ်မှ နိုင်ငံအနှံ့သို့ အလွယ်တကူ ကူးသန်းဆက်သွယ် သွားလာနိုင်ရန်အတွက် အစိုးရအဆက်ဆက် အိပ်မက်ပင် မမက်ဖူးသည့် ရန်ကုန်-စစ်တွေ မော်တော်ကားလမ်းကိုမြင့်မားလှသော တောင်တန်းကြီးများနှင့် အန္တရာယ်ကြီးမားလှသည့် ရွှံ့ညွန်တောကြီးများကို ကျော်လွှားဖြတ်သန်းလျက် ၁၉၉၆ခုနှစ်တွင် စတင်ဖောက်လုပ်နိုင်ခဲ့ရာ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလတွင် ကားလမ်းကို ဖွင့်လှစ်နိုင်ခဲ့သည်။

ခုတ်မောင်းပြေးဆွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ပြည်နယ်နှင့်တိုင်းများ အားလုံး တစ်ပြေးညီ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရန်အတွက် ရထားလမ်း၊ ကားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားကလည်း ထိုရည်မှန်းချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာရထားလမ်းများကွန်ရက်အနေဖြင့် မြန်မာပြည်မြောက်ပိုင်းတွင် မြစ်ကြီးနားနှင့် ဗန်းမော်မြို့အထိ လည်းကောင်း၊ မြန်မာပြည်တောင်ပိုင်းတွင် မြိတ်မြို့အထိလည်းကောင်း၊ မြန်မာပြည် အရှေ့ပိုင်းတွင် ကျိုင်းတုံမြို့အထိ လည်းကောင်း၊မြန်မာပြည် အနောက်ပိုင်းတွင် စစ်တွေမြို့အထိ လည်းကောင်း ရထားများ ခုတ်မောင်းပြေးဆွဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

ရေချမ်းပြင်ဘူတာ။ (သတင်းစဉ်)

ယခုအခါ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းရှိ မကွေးတိုင်း မင်းဘူးမြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ဆက်သွယ်သည့် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းသစ်ကို ဖောက်လုပ်လျက်ရှိသည်။အဆိုပါစစ်တွေ-အမ်း-မင်းဘူး ရထားလမ်းသည်ပြည်ထောင်စုမီးရထားလမ်းကွန်ရက် (National Railway Network) ကြီး ဖြစ်ပေါ်လာရေးအတွက် ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းကို ဆက်သွယ်နိုင်ရန် ဖောက်လုပ်ပေးနေခြင်းဖြစ်သည်။

စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းသည် ခရီးမိုင်၂၅၇မိုင် ရှည်လျားပြီး ရထားလမ်းတစ်လျှောက် ဘူတာပေါင်း ၅၁ ဘူတာ၊ အများဆုံးကွေ့ဒီဂရီ၁၀ဒီဂရီ၊ပေ၁၀၀အထက်တံတား ၂၄စင်း၊ ပေ၁၀၀အောက် တံတား ၁၂၆၁စင်း စုစုပေါင်း၁၂၈၅စင်းပါဝင်မည်ဖြစ်သည်။

အောင်မြင်စွာဖွင့်လှစ်

စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း၏စစ်တွေ-ပုဏ္ဏားကျွန်းလမ်းပိုင်း ၂၆မိုင်ကို မြေကြီးလုပ်ငန်း၊ တံတားလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ စစ်တွေ-ပုဏ္ဏားကျွန်းလမ်းပိုင်းတွင် ပါဝင်သော စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်) လမ်းပိုင်းကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် စတင်ဖောက်လုပ်ခဲ့ရာ မေ ၁၃ရက်တွင် ပြီးစီးခဲ့ပြီး မေ၁၉ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ပြည်တော်သာ - ရေချမ်းပြင် ရထားလမ်းပိုင်းတွင် တံတားကြီးငယ်ပေါင်း ၂၁ စင်း၊ အများဆုံး ကွေ့ဒီဂရီ ၆ဒီဂရီ၊ ဘလောက်ဘူတာလေးဘူတာ၊ ရပ်စခန်းဘူတာသုံးဘူတာပါဝင်သည်။ စုစုပေါင်း မြေကြီးလုပ်ငန်း ပမာဏ ကျင်း၁၆၅၀၀၀၊ အများဆုံး ဖို့မြေအမြင့်၁၂ပေအထိ ကြိုးပမ်းဆောင်ရွက်ခဲ့ရသော မီးရထားလမ်းဖြစ်သည်။ ယခုလို အချိန်တိုအတွင်း မီးရထားလမ်း ဖွင့်လှစ်နိုင်ခြင်းမှာ သာမန်လုပ်ဆောင်မှုမဟုတ်ဘဲ စေတနာထားကြိုးပမ်းဆောင်ရွက်မှုကြောင့် ဖြစ်ကြောင်း ပေါ်လွင်လှပေသည်။

ထို့အတူ စစ်တွေ - အမ်း-မင်းဘူး ရထားလမ်းအပိုင်းတွင် ပါဝင်သော မင်းဘူး-ပဒန်း ၂၈မိုင်၊ ပဒန်း-အမ်း ၅၄ မိုင်၊ အမ်း-မင်းပြား ၇၆မိုင်၊ မင်းပြား-မြောက်ဦး ၁၆မိုင်၊ မြောက်ဦး-ကျောက်တော် ၂၃မိုင်၊ ကျောက်တော်-ပုဏ္ဏားကျွန်း ၃၄မိုင် တို့ကိုလည်း မြန်မာ့မီးရထားက အပိုင်းလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

လျင်မြန်ထိရောက်

စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ဖောက်လုပ်ပြီးစီးပါက ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားပြည်သူများအနေဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသအသီးသီးသို့ မီးရထားဖြင့် လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်ကြမည်ဖြစ်ရာ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ကြတော့မည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ယခင်က မီးရထားလမ်းမရှိခဲ့၍ ယခုမှ အသစ်ဖောက်လုပ်ရခြင်းဖြစ်ရာ ရထားလမ်းဖောက်လုပ်ရာတွင် အသုံးပြုမည့် စက်ယန္တရားများ၊ ရထားသံလမ်းများ၊ သံလမ်းဆက်ပစ္စည်းများ၊ သံလမ်းပြေးယာဉ်များ စက်ခေါင်းနှင့် လူစီးတွဲများကို ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ခက်ခက်ခဲခဲ သယ်ယူပို့ဆောင်ခဲ့ရသည်။

ထပ်မံပို့ဆောင်

မြန်မာ့မီးရထားမှ ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ) ဦးမောင်မောင်သွင်အား စက်ယန္တရားများ ပေးပို့ရသည့် အနေအထားကို မေးမြန်းရာ "ရန်ကုန်ကနေ စစ်တွေကို ရေကြောင်းနဲ့ ကုန်းကြောင်း လမ်းနှစ်သွယ်နဲ့ ပေးပို့ရပါတယ်၊ ရေကြောင်းအနေနဲ့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းက သင်္ဘောတွေရယ်၊ ပုဂ္ဂလိက သင်္ဘောတွေရယ် အသုံးပြုပြီး သယ်ပို့ရပါတယ်၊ ဒီလိုပို့တဲ့နေရာမှာ ရန်ကုန်ကနေ စစ်တွေအထိ သုံးရက်လောက်ကြာပါတယ်။ ကားတစ်တန်၊ သင်္ဘောတစ်တန် ကရိန်းတွေနဲ့ အဆင့်ဆင့်တင်ပို့ကြရပါတယ်၊ ရန်ကုန်ကနေ စစ်တွေကို သင်္ဘောနဲ့ သွားရာမှာ မုန်တိုင်းနဲ့ ကြုံရတာတောင် ရှိခဲ့ပါတယ်။ အခုဆိုရင် သင်္ဘောအခေါက်ပေါင်း ရှစ်ခေါက် သယ်ပို့ပြီးပါပြီ။ သင်္ဘောတစ်ခေါက်မှာ တန်ချိန်၈၀၀နဲ့ ၁၀၀၀အတွင်း သယ်နိုင်ပါတယ်၊ စစ်တွေရောက်လို့ စက်ယန္တရားတွေချတဲ့အခါမှာလည်းမိုးမရွာခင်သံလမ်းတွေ ခင်းနိုင်အောင် အချိန်လုပြီး ချရပါတယ်၊ ၂၄နာရီလုံး တောက်လျှောက် အတင်အချ ပြုလုပ်ရပါတယ်၊ အတင်အချ ပြုလုပ်ရာမှာ အန္တရာယ်များတဲ့အတွက် အထူးဂရုပြုပြီး ဆောင်ရွက်ခဲ့ရပါတယ်၊ လူသာပြောင်းပြီး စက်တွေကို အနားမပေးဘဲ လုပ်ရတာပါ။ ကုန်းလမ်းကဆိုရင် ဥသျှစ်ပင်-ပဒန်း-အမ်း-တောင်ကုတ် လမ်းအတိုင်း နှစ်ညအိပ်လောက် သွားရပါတယ်။ တောင်တက် တောင်ဆင်းတွေများသလို မိုးများတဲ့ ဒေသဖြစ်လို့ ခရီးတွင်အောင် သွားဖို့ခက်ပါတယ်။ အခုဆိုရင် မြေတူးစက်လေးစီး၊ မြေကော်စက် ရှစ်စီး၊ မြေသယ်ယာဉ် ၁၇စီး၊ သံလမ်းအရှည် မိုင်၂၀၊ စက်ခေါင်း၊ လူစီးတွဲနှင့် ကွန်ကရစ်ဇလီဖားတွေ သယ်ပို့ပြီး ဖြစ်ပါတယ်။ ကျောက်နဲ့ သစ်သားဇလီဖားတွေကိုတော့ ဒေသတွင်းကပဲ ရပါတယ်၊ လိုအပ်တဲ့ စက်ယန္တရားတွေကို ထပ်မံပို့ဆောင်သွားမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မြန်မာ့မီးရထား အနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ၃၅မိုင် ရှိပြီး ယခုဖွင့်လှစ်ခဲ့သည့် စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်)လမ်း အပါအဝင် တပ်မတော်အစိုးရလက်ထက်

စစ်တွေဘူတာ။ (သတင်းစဉ်)

နိုင်ငံတော် အကြီးအကဲ၏ [...]
အသီးသီး၏ လူမှုရေးနှင့် စီးပွား[...]
စေရေးအတွက် ရထားလမ်းမျ[...]
ဖောက်လုပ်သွားရန် လမ်းညွှ[...]
ဆောင်ရွက်နေသော ရထားလ[...]
ကြံခင်း-ပခုက္ကူ ရထားလမ်း မို[...]
ရထားလမ်း ၉၅မိုင်၊ ပျော်ဘွ[...]
ရထားလမ်း ၉၅မိုင်၊ နမ့်စန်-ကျို[...]
မိုင်၊ ထားဝယ်-မြိတ် ရထားလ[...]
အမ်း-မင်းဘူး ရထားလမ်း ၂၅[...]

ချိန်၈၀၀
ပါတယ်၊
ရားတွေ

ချတဲ့အခါမှာလည်း မိုးမရွာခင်သံလမ်းတွေ ခင်းနိုင်အောင် အချိန်လုပြီး ချရပါတယ်၊ ၂၄နာရီလုံး တောက်လျှောက်အတင်အချ ပြုလုပ်ရပါတယ်၊ အတင်အချ ပြုလုပ်ရာမှာ အန္တရာယ်များတဲ့အတွက် အထူးဂရုပြုပြီး ဆောင်ရွက်ခဲ့ရပါတယ်၊ လူသာပြောင်းပြီး စက်တွေကို အနားမပေးဘဲ လုပ်ရတာပါ။ ကုန်းလမ်းကဆိုရင် ဉသျှစ်ပင်-ပဒန်း-အမ်း-တောင်ကုတ် လမ်းအတိုင်း နှစ်ညအိပ်လောက် သွားရပါတယ်။ တောင်တက် တောင်ဆင်းတွေများသလို မိုးများတဲ့ ဒေသဖြစ်လို့ ခရီးတွင်အောင် သွားဖို့ခက်ပါတယ်။ အခုဆိုရင် မြေတူးစက်လေးစီး၊ မြေကော်စက် ရှစ်စီး၊ မြေသယ်ယာဉ် ၁၇စီး၊ သံလမ်းအရှည် မိုင်၂၀၊ စက်ခေါင်း၊ လူစီးတွဲနှင့် ကွန်ကရစ်ဇလီဖားတွေ သယ်ပို့ပြီး ဖြစ်ပါတယ်။ ကျောက်နဲ့ သစ်သားဇလီဖားတွေကိုတော့ ဒေသတွင်းကပဲ ရပါတယ်၊ လိုအပ်တဲ့ စက်ယန္တရားတွေကို ထပ်မံပို့ဆောင်သွားမှာဖြစ်ပါတယ်'' ဟု ပြောကြားသည်။

မြန်မာ့မီးရထား အနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ဒသမ၃၅မိုင် ရှိပြီး ယခုဖွင့်လှစ်ခဲ့သည့် စစ်တွေမြို့ (ပြည်တော်သာ-ရေချမ်းပြင်)လမ်း အပါအဝင် တပ်မတော်အစိုးရလက်ထက်တွင် ရထားလမ်းအရှည် ၁၂၆၀ဒသမ ၇၀ မိုင် ထပ်မံတိုးချဲ့ ဖောက်လုပ်နိုင်ခဲ့ရာ ယခုအခါ ရထားလမ်းမိုင်အရှည် စုစုပေါင်း ၃၂၃၈ဒသမ၀၅မိုင် ဘူတာပေါင်း ၈၂၁ဘူတာအထိ တိုးချဲ့ တည်ဆောက်နိုင်ခဲ့သည်။

စစ်တွေမြို့ ပြည်တော်သာ-ရေချမ်းပြင် ရထားလမ်းပိုင်း ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စတင်ပြေးဆွဲသည့် အထူးရထားဖြင့် လိုက်ပါစီးနင်းသော ဒေသခံတိုင်းရင်းသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

လမ်းညွှန်မှာကြား

နိုင်ငံတော် အကြီးအကဲ၏ ပြည်နယ်နှင့် တိုင်း ဒေသအသီးသီး၏ လူမှုရေးနှင့် စီးပွားရေးဘဝ တိုးတက်လာစေရေးအတွက် ရထားလမ်းများကို ကွန်ရက်သဖွယ် ဖောက်လုပ်သွားရန် လမ်းညွှန်မှာကြားချက်နှင့်အညီဆောင်ရွက်နေသော ရထားလမ်းသစ်စီမံကိန်းများမှာ ကြံခင်း-ပခုက္ကူ ရထားလမ်း မိုင်၃၂၀၊ကသာ-ဗန်းမော် ရထားလမ်း ၉၅မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်း ၉၅မိုင်၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ၂၃၆ မိုင်၊ ထားဝယ်-မြိတ် ရထားလမ်း မိုင်၁၅၀၊ စစ်တွေ-အမ်း-မင်းဘူး ရထားလမ်း ၂၅၇မိုင်တို့ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်းဒေသအားလုံးတစ်ပြေးညီဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်ကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပေသည်။

ယခုအခါ ရခိုင်ပြည်နယ်တွင် မည်သည့်ခေတ်ကာလကမျှ မရှိခဲ့ဖူးသည့် မီးရထားလမ်းနှင့် မီးရထားများကို နိုင်ငံတော်က ကြီးမားလှသည့် သဘာဝအခက်အခဲများကို ကျော်လွှားကာ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သကဲ့သို့ ဤမှစ၍ နောင်အနာဂတ် ကာလများတွင်လည်း မီးရထားလမ်းများ၊ မီးရထားများ၊ ဘူတာရုံများ ထပ်မံတိုးတက်ဖြစ်ထွန်းလာတော့မည်မှာ အသေအချာပင်ဖြစ်ရာ သွေးစည်းချစ်ကြည်ညွတ်ဝတီ ရခိုင်ပြည်နယ်ကား မဝေးတော့မည့်ကာလတွင် တိုးတက်ဖွံ့ဖြိုးလာတော့မည်မှာ ဧကန်အမှန်ပင် ဖြစ်ပါကြောင်း မှတ်တမ်းပြု တင်ပြလိုက်ရပါသည်။ ။

**တော် အကြီးအကဲ၏ ပြည်နယ်နှင့် တိုင်းဒေသ
၏ လူမှုရေးနှင့် စီးပွားရေးဘဝ တိုးတက်လာ
တွက် ရထားလမ်းများကို ကွန်ရက်သဖွယ်
ပ်သွားရန် လမ်းညွှန်မှာကြားချက်နှင့်အညီ
က်နေသော ရထားလမ်းသစ်စီမံကိန်းများမှာ
ခုက္ကူ ရထားလမ်း မိုင်၃၂၀၊ ကသာ-ဗန်းမော်
မ်း ၉၅မိုင်၊ ပျော်ဘွယ်-နတ်မောက်-မကွေး
မ်း ၉၅မိုင်၊ နမ့်စန်-ကျိုင်းတုံ ရထားလမ်း ၂၃၆
းဝယ်-မြိတ် ရထားလမ်း မိုင်၁၅၀၊ စစ်တွေ-
းဘူး ရထားလမ်း ၂၅၇မိုင်တို့ဖြစ်။**

■ *ကျော့ဖုံးမှ*

အဆိုပါမုန်တိုင်းငယ်သည် ကနဦးအစတွင်မြောက်ဘက်သို့ဆက်လက်ရွေ့လျားပြီး ပိုမိုအားကောင်းလာမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်း၏အဆင့်မှာ အဝါရောင်အခြေအနေသာရှိပြီး မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိသေးဟု သတ်မှတ်သည်။

မိုးသည်းထန်နိုင်

မုန်တိုင်း၏အရှိန်ကြောင့် ယနေ့ညနေမှ နောက်၁၂နာရီအတွင်း ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ မိုးသည်းထန်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင်၄၀ခန့် တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

လားရှိုး မေ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမတွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို မေ၂၁ရက် နံနက်၈နာရီက ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လက်ဖက်ပညာရှင်များက လက်ဖက်အထွက်တိုး စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ တန့်ယန်း၊ နမ့်စန်၊ ကျောက်မဲမြို့နယ်များမှ လက်ဖက်လုပ်ငန်းရှင်များနှင့် လက်ဖက်စိုက်တောင်သူများကလည်းကောင်း၊ (JICA)မှ ဂျပန်ပညာရှင် မစ္စတာအန်ဒိုကလည်းကောင်း လက်ဖက် စိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အသီးသီးဆွေးနွေးကြသည်။

ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန အစားအသောက် ဆေးဝါးကွပ်ကဲရေးဌာနမှ (FDA) ကိုယ်စားလှယ် ညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းက လက်ဖက်ဆိုးဆေးကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြသည်။

ပြန်လည်သုံးသပ်

ဆက်လက်၍ တက်ရောက်လာကြသော ခရိုင်နှင့် မြို့နယ်ကိုယ်စားလှယ်များက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းတင်ပြကြပြီး ပြည်နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ကာ အလုပ်ရုံဆွေးနွေးပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

(ပြည်နယ် ပြန်/ဆက်)

Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲကျင်းပ

ရန်ကုန် မေ ၂၂

Premier Coffee Company နှင့် Ginsetin ကိုရီးယားဂျင်စင်းအားဆေးတို့ ပူးပေါင်း၍ Premier Coffee တေးသံရှင်ရွေးပွဲနှင့် Ginsetin အလှမယ်ရွေးပွဲကို မြို့ကြီးများတွင် ကျင်းပလျက်ရှိရာ ခရီးစဉ် အပိုင်း(၁) အနေဖြင့် မေ၁၈ရက်က ပဲခူးမြို့၌ စတင်ကျင်းပခဲ့သည်။

ဆုချီးမြှင့်

ဆက်လက်၍ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ နေပြည်တော် ပျဉ်းမနား၊ ရမည်းသင်း၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ချောက်၊ ရေနံချောင်း၊ မင်းဘူး၊ အောင်လံ၊ ပြည် စသည့် မြို့ကြီး ၁၂မြို့တွင် ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်အနိုင်ရရှိသူများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲသို့ လာရောက်ကြည့်ရှု အားပေးကြသော ပရိသတ်များအား ပျော်ရွှင်ဖွယ် Entertainment Program များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ကြည့်ရှုအားပေးနိုင်

ထို့အပြင် အကဲဖြတ်ဒိုင်လူကြီးများအဖြစ် တေးသံရှင် ဂျေညီညီ၊ Melody World မှ ခိုင်ရွှေဝါ၊ ကိုကိုမောင်နှင့် ဂျူလိုင်မိုးတို့ ပါဝင်ကူညီအကဲဖြတ်ပေးပြီး မြို့များတွင် ပထမဆုရရှိသူများအနက်မှ တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယရရှိသူများကို ရန်ကုန်မြို့ Capital Hyper Market ၌ ကြီးကျယ်ခမ်းနားစွာ ပြန်လည်ရွေးချယ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် မည်သူမဆို အခမဲ့ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်သည်။

စီစဉ်တင်ဆက်မည်

ကျင်းပပြီးစီးခဲ့သည့် မြို့နယ်များ၌ စည်ကားသိုက်မြိုက်စွာ လာရောက်ကြည့်ရှု အားပေးခဲ့ကြသော Premier Coffee ချစ်သူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ခရီးစဉ်(၂)ကိုလည်း မကြာမီ ဆက်လက်စီစဉ်တင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်း ဒုတိယသက်တမ်းအတွက် ကျမ်းကျိန်ဆို

နယူးဒေလီ မေ ၂၂

ပြီးခဲ့သည့် သီတင်းပတ်က ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် မေ၂၂ရက်က သူ၏ ဒုတိယမြောက် ဝန်ကြီးချုပ် သက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုလိုက်သည်။

ကျိန်ဆို

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အစိုးရအဖွဲ့ရုံး၌ ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲတွင် ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့်အတူ ၄င်းရွေးချယ်ထားသည့် အစိုးရအဖွဲ့ဝန်ကြီး ၁၉ဦးတို့လည်း ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။

ရွေးချယ်မည်

လာမည့်ရက်အနည်းငယ်အတွင်း ဆက်လက်ဖြည့်စွက်ရန် လိုအပ်နေသော ဝန်ကြီးနေရာများအတွက် ရွေးချယ်ပေးသွားမည်ဖြစ်သည်။

(အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် +အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ရှိလည်းရှိပေးလည်းပေးပါ** တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၆း၄၀	နိဗ္ဗာန်ကိုရည်သန်…ဖူးကြမည် ဧကန် မြတ်စေတီကျိုက်သလ္လံ
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၉)
၈း၃၀	လှပသစ်ဆန်းအလှပြင်ခန်း (Expressions)
၉း၀၀	Sports World (Champion League Goals)
၉း၃၀	လက်ဖက်စိုက်တဲ့ရွာကလေး
၉း၄၅	အမှောင်ခွင်းလို့အလင်းဆောင်ခဲ့တယ် ရခိုင်တို့ဒေသအမ်းမြို့နယ် (အပိုင်း-၂)
၁၀း၀၅	ရွှေရောင်ခရီးစဉ်များ (Aureum Palace Hotel, Bagan)
၁၀း၃၀	သွားမယ်စားမယ် (Sunset Terrace BBQ)
၁၀း၄၀	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၀း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၂၀	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁၁း၃၀	Movie Mistakes (Indiana Jones)
၁၁း၅၀	အလောင်းတော်ကဿဖ အမျိုးသားဥယျာဉ်
၁၂း၀၀	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း)
၁၂း၁၀	Activities in the City (ယဉ်ကျေးလိမ္မာကလေးတရားစခန်း)
၁၂း၂၅	Music Talk (မိဘမေတ္တာ)
၁၂း၃၅	စီးဆင်းပါစေမေတ္တာရည် (မေကဗျာ၊ ဖူးဖူး)
၁၂း၄၅	တေးဂီတအစီအစဉ်
၁း၀၀	**ရှိလည်းရှိ ပေးလည်းပေးပါ** တရားတော် (ဆရာတော်ဓမ္မဒူတ အရှင်ဆေကိန္ဒ)
၁း၄၀	နိဗ္ဗာန်ကိုရည်သန်…ဖူးကြမည် ဧကန် မြတ်စေတီကျိုက်သလ္လံ
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival (DJ)
၃း၁၅	လက်ဖက်စိုက်တဲ့ရွာကလေး
၃း၃၀	အလှမှာဝင့်ထည်မြန်မာ့ပါတိတ်ချည်ထည်
၃း၄၅	တေးဂီတအစီအစဉ်
၄း၀၀	Activities in the City (ယဉ်ကျေးလိမ္မာကလေးတရားစခန်း)
၄း၁၅	MRTV-4 ကာတွန်းအစီအစဉ်
၄း၄၅	မောတို့ဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၅း၀၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၃၀	Sports World (Champion League Goals)
၆း၀၀	MRTV-4 သတင်း
၆း၁၅	Fashion Music Festival (DJ)
၆း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၆း၅၅	Movie Mistakes (Indiana Jones)
၇း၁၅	သွားမယ်စားမယ် (Sunset Terrace BBQ)
၇း၂၅	လေလှိုင်းမှဖြေကြားပရိသတ်များ အမေးစကား
၇း၄၀	မောတို့ဌာနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၈း၀၀	MRTV-4 သတင်း
၈း၂၀	အလောင်းတော်ကဿဖ အမျိုးသားဥယျာဉ်
၈း၃၅	Worlds of Knowledge (Funniest Animals)
၉း၀၀	Sports World (Champion League Goals)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၉)
၁၀း၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁၁း၄၅	အမှောင်ခွင်းလို့အလင်းဆောင်ခဲ့တယ် ရခိုင်တို့ဒေသအမ်းမြို့နယ် (အပိုင်း-၂)
၁၂း၀၅	Worlds of Knowledge (Funniest Animals)
၁၂း၃၀	စွဲမက်ဖွယ်ရာရွှေတောင်ဒေသထွက် အစားအစာ
၁၂း၄၀	အလှမှာဝင့်ထည်မြန်မာ့ပါတိတ် ချည်ထည်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးခြားသည့်နေ့အပူချိန်

၂၂-၅-၂၀၀၉

ညောင်ဦး	၄၁	ဒီဂရီစင်တီဂရိတ်
ကျောက်ဆည်	၄၁	ဒီဂရီစင်တီဂရိတ်
ချောက်	၄၁	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၁	ဒီဂရီစင်တီဂရိတ်
ပခုက္ကူ	၄၁	ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

နေပြည်တော် ၀ ဒသမ ၃၁ လက်မ
ကိုကိုးကျွန်း ၁ ဒသမ ၈၅ လက်မ

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော
ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

လားရှိုး မေ ၂၂

လားရှိုးမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်(ဒုတိယညွှန်ကြားရေးမှူး) ဦးဆောင်၍ ဦးမြင့်ဦး(စာရင်းကိုင်-၂)၊ ဦးသူရိန်စိုး(စက်မှုကျွမ်းကျင်-၃)၊ ဦးထွန်းထွန်းနိုင်(အငယ်တန်းစာရေး)၊ ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဦးမြင့်ဦး(ဒုတိယဦးစီးမှူး)၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်စောဝင်း၊ ဒုတပ်ကြပ်အောင်လင်း၊ မော်တော်ယာဉ် လိုင်းပေါင်းစုံထိန်းသိမ်းကြီးကြပ်မှုကော်မတီမှ ဦးစောသန်းထွန်း၊ ဦးတင့်လွင်တို့နှင့်အတူ မေ ၁၈ရက်က လားရှိုးမြို့ မန်ဆူအဝေးပြေးယာဉ်ရပ်နားစခန်းတွင် လားရှိုးမှ မန္တလေးမြို့သို့ ခရီးသည်တင်ပြေးဆွဲမည့် ရဲမာန်အောင်၊ ဆန်းသစ်၊ တက်နေထွန်း၊ အားသစ်မော်တော်ယာဉ်အသင်းများအား ယာဉ်ကြံ့ခိုင်မှုနှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်လိုင်စင်ပါရှိမှု ရှိမရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့ပြီး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအပါအဝင် ယာဉ်မတော်တဆဖြစ်ပွားမှု လျော့နည်းပပျောက်ရေးနှင့်စပ်လျဉ်း၍ ပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(လားရှိုးကိုယ်ပွား)**

ကျန်းမာရေးစစ်ဆေး

တုပ်ကွေးရောဂါ **A/ H1 N1** မှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် (တံတားဦး)၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။

(သတင်းစဉ်)

ကြိုတင်ကာကွယ်

တုပ်ကွေးရောဂါ **A/ H1 N1** မှ ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသို့ ဝင်ရောက်လာသည့် ပင်လယ်ကူးသင်္ဘောကြီးများပေါ်ရှိ သင်္ဘောသား ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ ယနေ့အထိ နိုင်ငံပေါင်း ၄၂နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့
မြန်မာနိုင်ငံတွင် ယနေ့အထိ မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေး

နေပြည်တော် မေ ၂၂

ကမ္ဘာ့လူတုပ်ကွေးရောဂါ Influenza A /H1N1 သည် ဧပြီ ၁၇ရက်မှ ယနေ့အထိ နိုင်ငံပေါင်း ၄၂နိုင်ငံသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး ရောဂါဖြစ်ပွားသူ ၁၁၁၆၈ဦး၊ သေဆုံးသူ ၈၆ဦးရှိကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသအတွင်း တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဩစတြေးလျနှင့် နယူးဇီလန် ကိုးနိုင်ငံ၌ ရောဂါဖြစ်ပွားသူ ၃၃၀ပါဝင်ကြောင်း သိရှိရသည်။

သင်ကြားပြသ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) တို့ပူးပေါင်း၍ "ဝက်ရောဂါရှာဖွေစစ်ဆေးခြင်းဆိုင်ရာ ဓာတ်ခွဲခန်းလုပ်ငန်းသင်တန်း"ကို မေ ၂၁ရက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ တိရစ္ဆာန်ရောဂါရှာဖွေရေး ဇီဝလုံခြုံမှုအဆင့်(၂)ဓာတ်ခွဲခန်း၌ ဖွင့်လှစ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရန်ကုန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် ပြည်နယ်၊ တိုင်းအသီးသီးမှ ဓာတ်ခွဲခန်းလုပ်ငန်းတာဝန်ခံ ၂၀တက်ရောက်ကြပြီး FAO မှ အကြီးတန်း ပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Dr. Murray Maclean နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပညာရှင်များက သမားရိုးကျဝက်ရောဂါများ၊ ဆန်းသစ်လာသည့်ဝက်ရောဂါများနှင့် စပ်လျဉ်းသည့် ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ရောဂါနမူနာပစ္စည်းရယူခြင်း၊ ဓာတ်ခွဲခန်းစမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာနှင့် နည်းစဉ်များကို သင်ကြားပြသသည်။

ရောဂါကူးစက်နိုင်မှု မရှိ

တုပ်ကွေးရောဂါအပါအဝင် လူနှင့် တိရစ္ဆာန် အပြန်အလှန် ကူးစက်တတ်သောရောဂါများ ကူးစက်မှုအန္တရာယ် လျော့နည်းစေရေးအတွက် မွေးမြူရေးခြံလုပ်သားများ၊ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဝက်နှင့် တိုက်ရိုက်ထိတွေ့လုပ်ကိုင်နေသူများသည် ဖျားနာခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ သို့မဟုတ် တုပ်ကွေးနှင့်တူသော ရောဂါလက္ခဏာ ဖြစ်ပေါ်လျှင် မွေးမြူရေးခြံ လုပ်ငန်းခွင်သို့ မသွားဘဲ မိမိနေအိမ်တွင်ပင် နားနေ ဆေးကုသမှုခံယူသင့်သည်။

မြန်မာနိုင်ငံတွင် ယနေ့အထိ ကမ္ဘာ့လူတုပ်ကွေးရောဂါ Influenza A/H1N1သည် မွေးမြူရေးဝက်သို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း၊ ဝက်သားနှင့် ဝက်ထွက်ပစ္စည်းများကို အပူချိန် ၇၀ ဒီဂရီစင်တီဂရိတ်/၁၆၀ ဒီဂရီဖာရင်ဟိုက်ဖြင့် ချက်ပြုတ်ပါက ဗိုင်းရပ်စ်ရှင်သန်မှု မရှိနိုင်ကြောင်း၊ စနစ်တကျ သန့်ရှင်းစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါကူးစက်နိုင်မှု မရှိကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A /H1N1 ဖြစ်ပွားမှုအခြေအနေ
ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်လျက်ရှိ

နေပြည်တော် မေ ၂၂

တုပ်ကွေးရောဂါ A /H1N1သည် ဧပြီ ၁၇ရက်မှစတင်၍ဖြစ်ပွားခဲ့ရာ ယနေ့အထိ ကမ္ဘာပေါ်တွင် အတည်ပြုတုပ်ကွေးရောဂါ ဖြစ်ပွားသူ စုစုပေါင်း ၁၁၁၆၈ဦးရှိပြီး သေဆုံးသူစုစုပေါင်း ၈၆ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့တွင်ထုတ်ပြန်ထားသော သတင်းများအရသိရှိရပြီး မက္ကဆီကိုနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၄၂နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

တုပ်ကွေးရောဂါA /H1N1မှ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သောကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ ၂၅ရက်မှစတင်ဆောင်ရွက်လျက်ရှိသည်။

စောင့်ကြပ်ကြည့်ရှု

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ Influenza A /H1N1 မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော နေ့စဉ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင်လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းနှင့် ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များအား အသင့်အနေအထားဖြင့် ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော တုပ်ကွေးရောဂါ A /H1N1 ဖြစ်ပွားမှုအခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှစတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်၊ ထွက်ပေါက်များ၌ ဝင်ရောက်လာသောခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ ယနေ့အထိတုပ်ကွေးရောဂါ A /H1N1ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ညဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ်	၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ်	၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ချန်ပီယံလိဂ် ဗိုလ်လုပွဲကျင်းပမည့် အိုလံပီကို အားကစားကွင်း

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရောမ မေ ၂၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန်ယူနဲ့ ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားရမယ့် ဘောလုံးကွင်းကတော့ ယခုနှစ်အတွက် ယူအီးအက်ဖ်အေက ရွေးချယ်ပေးထားတဲ့ အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ အိုလံပီကို အားကစားကွင်းကို သတ်မှတ်ပေးခဲ့ပါတယ်။

ဒါကြောင့် အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ အိုလံပီကို အားကစားကွင်းရဲ့ အနီးအဝေး မြင်ကွင်းကို ကြည့်ရင်····။

စတင်တည်ဆောက်

အိုလံပီကို အားကစားကွင်းကို ၁၉၂၈ ခုနှစ်က စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး စတင်ဖွင့်လှစ်နိုင်ခဲ့တာက ၁၉၃၇ခုနှစ်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စတင်တည်ဆောက်ချိန်နဲ့ ပြီးစီးဖွင့်လှစ်ချိန်က ကိုးနှစ်တိတိ ကြာမြင့်ခဲ့ပါတယ်။ ဒီကွင်းကို ပိုင်ဆိုင်တာကတော့ ရောမမြို့ စည်ပင်သာယာရေးအဖွဲ့ဖြစ်ပြီး နှစ်စဉ် ပြုပြင်မွမ်းမံမှုတွေကို အဲဒီအဖွဲ့ကပဲ တာဝန်ယူဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဒါပေမယ့် အိုလံပီကို အားကစားကွင်းဟာ အီတလီနိုင်ငံ အမျိုးသားဘောလုံးကွင်းအဖြစ် သတ်မှတ်ထားသလို မြို့ခံကလပ်အသင်းတွေဖြစ်တဲ့ ရိုးမားနဲ့ လာဇီယိုအသင်းတွေကလည်း ဘောလုံးပွဲတွေ ကျင်းပ ကစားခွင့်ရထားတဲ့ အားကစားကွင်းလည်း ဖြစ်ပါတယ်။ ပရိသတ် ၇၂၇၀၀ သက်သောင့်သက်သာ ကြည့်ရှုနိုင်အောင် ဒီဇိုင်းပညာရှင် အင်ရီကိုဒယ်ဒီဘိုင်ရိုက ပုံစံထုတ်လုပ်ပေးခဲ့တာ ဖြစ်ပါတယ်။

ထင်ရှား

အိုလံပီကို အားကစားကွင်းမှာ ထင်ရှားတဲ့ ဘောလုံးပြိုင်ပွဲတွေ ကျင်းပခဲ့တာကတော့ ၁၉၆၈ ခုနှစ် ဥရောပချန်ပီယံရှစ် နောက်ဆုံးဗိုလ်လုပွဲအဖြစ် အီတလီနဲ့ ယူဂိုဆလားဗီးယားတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲ (အီတလီ နှစ်ဂိုးပြတ်နိုင်ပွဲရ)၊ လီဗာပူး နိုင်ပွဲရခဲ့သည့် ၁၉၇၇ ခုနှစ် ဥရောပကလပ် ချန်ပီယံဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ(လီဗာပူးနှင့် မွန်ချန်လက်ဘတ်)၊ ၁၉၈၀ပြည့်နှစ်မှာ ဂျာမနီက ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ဥရောပချန်ပီယံရှစ် နောက်ဆုံးဗိုလ်လုပွဲ၊ ၁၉၈၄ခုနှစ်က လီဗာပူးအသင်း အနိုင်ရဗိုလ်စွဲခဲ့တဲ့ လီဗာပူးနဲ့ ရိုးမားတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ဥရောပကလပ် ချန်ပီယံဖလား နောက်ဆုံးဗိုလ်လုပွဲ၊ ၁၉၉၀ပြည့်နှစ်က ဂျာမနီနဲ့ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားပြီး ဂျာမနီအသင်း တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရဗိုလ်စွဲခဲ့တဲ့ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၊ ၁၉၉၆ခုနှစ် ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျူဗင်းတပ်စ် အနိုင်ရခဲ့တဲ့ ဂျူဗင်းတပ်စ်နဲ့ အေဂျက်ဇ်တို့ ပွဲတွေပဲ ဖြစ်ပါတယ်။

ဒါ့အပြင် ၁၉၆၀ပြည့်နှစ်ကလည်း အိုလံပီကို အားကစားကွင်းမှာ နွေရာသီ အိုလံပစ်ပွဲတော် ကျင်းပခဲ့ပါသေးတယ်။ နောက်ပြီး ၁၉၈၇ခုနှစ်က ဒီကွင်းမှာပဲ ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

အကြီးစား

အိုလံပီကိုအားကစားကွင်းဟာ ပြီးခဲ့တဲ့နှစ်က ပြန်လည်ပြုပြင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အကြီးစားပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ပြီးတဲ့နောက်မှာ မိုးလုံလေလုံအားကစားကွင်း ဖြစ်လာခဲ့ပါတယ်။

အိုလံပီကိုအားကစားကွင်းမှာ ကျင်းပခဲ့တဲ့ ဘောလုံးပြိုင်ပွဲတွေထဲမှာ ပရိသတ်အများဆုံး လာရောက်ကြည့်ရှုတဲ့ ပွဲကတော့ ၂၀၀၀-၂၀၀၁ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲကျင်းပခဲ့တဲ့ စူပါကိုပါ အီတာလီယာနာပွဲပဲဖြစ်ပါတယ်။ အဲဒီပွဲမှာပရိသတ် ၆၃၃၇၀ တက်ရောက် ကြည့်ရှုအားပေးခဲ့လို့ ပရိသတ်အများဆုံး ကြည့်ရှုတဲ့ ပွဲအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

ဒုတိယအကြီးဆုံး

အိုလံပီကို အားကစားကွင်းဟာ အီတလီနိုင်ငံမှာတော့ မီလန်မြို့က ဆန်စီရို အားကစားကွင်းပြီးရင် ဒုတိယအကြီးဆုံး အားကစားကွင်း ဖြစ်ပါတယ်။ အိုလံပီကို အားကစားကွင်းကို ၁၉၆၀ပြည့်နှစ်က အိုလံပစ်အားကစားပွဲအတွက် ပြင်ဆင်မွမ်းမံမှုပြုလုပ်ခဲ့သလို ၁၉၈၄ခုနှစ်က ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲကျင်းပဖို့အတွက် ထပ်မံပြင်ဆင်မှု ပြုလုပ်ခဲ့ပါသေးတယ်။ ဒါ့အပြင် ၁၉၉၀ပြည့်နှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ လက်ခံကျင်းပဖို့အတွက် မွမ်းမံပြင်ဆင်မှု ပြုလုပ်ခဲ့ပါသေးတယ်။

ထပ်မံပြင်ဆင်

အိုလံပီကိုအားကစားကွင်းဟာ စတင်တည်ဆောက်ခဲ့စဉ်က ပရိသတ်ဦးရေ ၇၂၇၀၀ သာ ကြည့်ရှုနိုင်တဲ့ အနေအထားကနေပြီး အခုဆိုရင် ပရိသတ် ၈၂၀၀၀ အထိ ဝင်ရောက်ကြည့်ရှုနိုင်အောင် ထပ်မံပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

လုပခိုင်ခံ့

ဒါကြောင့် အိုလံပီကို အားကစားကွင်းရဲ့ အကျယ်အဝန်း၊ မွမ်းမံပြင်ဆင်မှု၊ အဆောက်အအုံ လုပခိုင်ခံ့မှုနဲ့ အခြားစံနှုန်းသတ်မှတ်ချက်တွေအရ ဥရောပမှာတော့ ပဉ္စမမြောက် အကောင်းဆုံး အားကစားကွင်းလို့ ယူအီးအက်ဖ်အေက သတ်မှတ်ပေးထားပါတယ်။

အကုန်ရောင်းချ

အခုဆိုရင် အိုလံပီကို အားကစားကွင်းမှာ မန်ယူနဲ့ ဘာစီလိုနာတို့ မေ ၂၇ရက်မှာ ယှဉ်ပြိုင်မယ့်ပွဲအတွက် ပွဲကြည့် လက်မှတ်တွေ အကုန်ရောင်းချပြီး ဖြစ်ပါတယ်။ ယူအီးအက်ဖ်အေက ခွဲတမ်းနဲ့ ရောင်းချပေးထားတဲ့လက်မှတ်တွေဟာ စတင်ရောင်းချတဲ့နေ့မှာပဲ ပြုက်ခနဲကုန်သွားတာမို့ အိုလံပီကို အားကစားကွင်းမှာတော့ အဲဒီနေ့ ပွဲကြည့်ပရိသတ်တွေ ပြည့်လျှံနေမှာဖြစ်ပါတယ်။

ဒါပေမယ့် အင်္ဂလန်နိုင်ငံက မန်ယူပရိသတ် ၃၀၀၀၀ လောက်ဟာ အခုရက်ပိုင်းထဲမှာ အီတလီနိုင်ငံ ရောမမြို့မှာရှိတဲ့ ဟိုတယ်နဲ့ တည်းခိုခန်းတွေမှာ ကြိုတင်ရောက်ရှိနေပြီလို့ ဆိုပါတယ်၊ ခက်တာက အဲဒီပရိသတ်တွေထဲမှာ အတော်များများက ပွဲကြည့်လက်မှတ် မရရှိသေးတဲ့သူတွေ ပါဝင်နေပါတယ်။

ကြိုက်ဈေးပေး ဝယ်ယူ

ရောမမြို့ကို ရောက်ရှိနေတဲ့ မန်ယူပရိသတ်တွေက ပွဲကြည့်လက်မှတ်တွေကို ကြိုက်ဈေးပေးပြီး ဝယ်ယူနေကြသလို လက်မှတ်မရတဲ့သူတွေကလည်း အိုလံပီကို ကွင်းနဲ့ အနီးကပ်ဆုံး ရုပ်မြင်သံကြားတွေမှာ ကြည့်ရှုကြမယ်လို့ ဆိုပါတယ်။

အထူးကြပ်မတ်

အိုလံပီကို အားကစားကွင်းအတွင်း၊ အပြင်မှာ လုံခြုံရေးထူထပ်စွာ ချထားဖို့ အစီအစဉ်ရှိနေပေမယ့် မန်ယူအသင်းကို ပေါက်ကွဲစွာ ခံစားအားပေးကြမယ့် ရောမမြို့ရောက် အင်္ဂလန်ပရိသတ်တွေကို ရောမမြို့ ရဲတပ်ဖွဲ့ဝင်တွေ အထူးကြပ်မတ် ထိန်းသိမ်းရမယ့် အနေအထားဖြစ်နေပါတယ်။

ဒါ့ကြောင့် ဘာစီလိုနာနဲ့ မန်ယူတို့ ယှဉ်ပြိုင်ကစားကြမယ့် ချန်ပီယံလိဂ်ဖလား ဗိုလ်လုပွဲကျင်းပရာ အိုလံပီကို အားကစားကွင်းရဲ့ မြင်ကွင်းအဖုံဖုံကို မကြာခင် မြင်တွေ့ရတော့မှာ ဖြစ်ပါကြောင်း တင်ပြလိုက်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

ချန်ပီယံလိဂ်ဖလား နောက်ဆုံးဗိုလ်လုပွဲအဖြစ် မန်ယူနဲ့ ဘာစီလိုနာတို့ ယှဉ်ပြိုင်ကစားရမယ့် အီတလီနိုင်ငံ ရောမမြို့ရှိ အိုလံပီကိုအားကစားကွင်း။

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ ခုနှစ် ကဆုန်လကွယ်နေ့
ဥပုသ်နေ့
၂၃-၅-၂၀၀၉ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၀ ၇။ **မြို့ကြီးသားယဉ်ကျေးမှု** လှုမ်းထက်၊ ဖိုးချစ်၊ ပုလဲဝင်း၊ နန်းဆုရတီစိုး၊ စုချစ်ဇော် (ဒါရိုက်တာ-ဇော်လူထက်)
၈:၂၀ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၃၀ ၉။ International News
၈:၄၀ ၁၀။ တေးဂီတအစီအစဉ်
၈:၅၀ ၁၁။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၃၅ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၄။ Yan Can Cook
၁၂:၅၀ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၄၇)
၁၃:၅၀ ၆။ ဆန်းကြယ်ထူးခြားပြိုင်ပွဲများ (Telematch)
၁၄:၃၅ ၇။ International News
၁၄:၄၅ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ Myanmar National League MNL-Cup (2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C VS ရတနာပုံ F.C)
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၃၀ ၄။ မိုးလေဝသအခြေအနေ
၆:၃၅ ၅။ အလှုရှာမယ် လှုကမ္ဘာဝယ်
၇:၀၀ ၆။ ပဋ္ဌာလက်ကျောင်းတော်
၇:၂၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၁၅)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၉)
၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၁၂)
၁၃။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၁၄။ အစီအစဉ်ပြီး၏။

လားရှိုး အထက(၃)၌ အဆို၊အက၊အရေး၊အတီး သင်တန်းဖွင့်

လားရှိုး မေ ၂၂

လားရှိုးမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး သင်တန်းဖွင့်ပွဲကို မေ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတိုးဝင်း တက်ရောက် ဖွင့်လှစ်ပေးသည်။

အဆိုပါ သင်တန်းကို မန္တလေး ယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြ ဦးခင်မောင်ထွေးနှင့် ဆရာမနှစ်ဦးတို့ဖြင့် ပို့ချပေးပြီး သင်တန်းကို နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ မေ ၁၁ရက်မှ ၂၂ရက် အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

FAMILY Entertainment Group

MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများအား

စက် + ကတ် = ကျပ် 55,000 ဖြင့် စတင်ကြည့်ရှုနိုင်ပါပြီ

MRTV MRTV-4 ESPN

5 5 5 5

Tel :01 558874, 559847, 556577, 548430, 215255

● *ကျော်ဖုံးမှ*

ပထမအခေါက် ပူတာအိုသို့ ရောက်ချိန်က ဇန်နဝါရီလထဲမှာ ဖြစ်သည်။ နေပြည်တော်မှာပင် ညဘက်ချမ်းစိမ့်စိမ့်နှင့်မို့ စောင်ခြုံမှ အိပ်၍ပျော်သောအချိန်ဖြစ်ရာ ပူတာအိုတွင် နေ့ဘက်မှာပင် အနွေးထည်ဝတ်ထားမှ နေသာထိုင်သာရှိသည်။

သက်သောင့်သက်သာ

ဒုတိယအခေါက်ရောက်ချိန်မှာ မေလဆန်းဖြစ်၍ ပူတာအိုမှာ အနွေးထည်ဝတ်စရာ မလိုတော့ချေ။ အပူချိန်၂၅ဒီဂရီဖာရင်ဟိုက်ဆိုသည်မှာ ပူသည်ဟုမထင်ဘဲ နေရထိုင်ရတာ သက်သောင့်သက်သာရှိလှသည်။

ပထမအခေါက် ရောက်ဖြစ်စဉ်က သုံးညအိပ် လေးရက်ခရီးဖြစ်၍ ပူတာအိုမြို့နှင့် အနီးပတ်ဝန်းကျင်မှ ကျေးရွာများသို့ အတော်လေးနှံ့စပ်အောင် ရောက်ဖြစ်ခဲ့သည်။ ဒုတိယအခေါက်ရောက်ဖြစ်သောအခါ ပူတာအိုမြို့၏ ရုံးအဆောက်အအုံများ၊ လမ်းများ၊ လူနေအိမ်များနှင့် ဈေးဆိုင်များကို ကောင်းကောင်းကြီးမှတ်မိနေသည်။

ဆွဲဆောင်အားကောင်း

မြို့ကွက်ဖော်ထားမှုမှာ စနစ်ကျလှပြီး သန့်ရှင်းသပ်ရပ်သောလမ်းများနှင့် အာလူး ကျောက်စီ၍ ခြံစည်းရိုးကာရံထားသော လူနေအိမ်များက ပူတာအို၏ အမှတ်သင်္ကေတဖြစ်ပြီး ရောက်လာသူတိုင်း၏ စိတ်ကို ငြိမ်းချမ်းအေးမြမှုပေးစွမ်းလျက်ရှိသည်။ မြို့သူ မြို့သားများ၏ လောဘ၊ မောဟနည်းပြီး ပူပင်သောကကင်းသော အမူအရာနှင့် အပြောအဆိုများကလည်း ပြည်တွင်းပြည်ပ ဧည့်သည်များကို မပြန်ချင်အောင် ဆွဲဆောင်အား ကောင်းလှသည်။

ပူတာအိုသို့ ဒုတိယအခေါက်ရောက်ဖြစ်စဉ် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန၏ အစိုးရ စက်မှုလက်မှုသိပ္ပံ(ပူတာအို)နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်း (ပူတာအို) ဖွင့်ပွဲအခမ်းအနားကိုလည်း တက်ရောက်ခွင့် ရခဲ့သည်။ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဝမ်းသာရွှင်မြူး အားတက်မှုပုံရိပ်များနှင့် ရိုးရာတေးသံနှင့်အကတို့ကို မြင်တွေ့နားဆင်ခွင့်ရခဲ့သော ထိုနေ့ထိုရက်ကို မေ့နိုင်တော့မည်မဟုတ်ပါချေ။

အချက်အချာကျ

မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်အတွင်းပါဝင်သော ပူတာအိုမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၄၂၉ပေမြင့်သည်။ ပူတာအိုခရိုင်၏ မြောက်ဘက်နှင့် အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် မြစ်ကြီးနားခရိုင်၊ အနောက်ဘက်တွင် အိန္ဒိယသမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်နေ၍ ပထဝီနိုင်ငံရေးအရ အချက်အချာကျသော ဒေသတစ်ခုလည်းဖြစ်သည်။

ပူတာအိုခရိုင်၏ အကျယ်အဝန်းမှာ ၁၀၆၀၉ ဒသမ ၉ စတုရန်းမိုင်ဖြစ်ပြီး ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်၊ နောင်မွန်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်နှင့် ပန်နန်းဒင်မြို့တို့ပါဝင်သည်။

ဖြတ်သန်းရ

ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာအုပ်စုရှိ ထူးဖောင်ဒေးရှင်း၏ သုတေသနစိုက်ပျိုးရေးခြံသို့ သွားရောက်ရန် ပူတာအိုမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာလာပြီး မူလာရှီးဒီ ကြိုးတံတားပေါ်မှ ဖြတ်သန်းရသည်။ မူလာရှီးဒီ ကြိုးတံတား၏ ခံနိုင်ဝန်အရ ကားတစ်စီးချင်းသာ ဖြတ်သန်းရပြီး ကားကြီးများဖြတ်သန်း၍မရဘဲ ကားငယ်များသာ ဖြတ်သန်း၍ရသည်။

အရောက်သွားပါ

မူလာရှီးဒီကြိုးတံတား၏ တည်ဆောက်ထားမှု အနေအထားနှင့် ပတ်ဝန်းကျင် သဘာဝအလှအပတို့ကို ပေါင်းစပ်လိုက်သောအခါ ရှုမငြီးစရာ သဘာဝပန်းချီကားတစ်ချပ် ဖြစ်လာခဲ့ပါသည်။ ကြိုးတံတားအောက်မှ တသွင်သွင်စီးဆင်းနေသော ချောင်းရေမှာလည်း ကြည်လင်အေးမြလှ၍ ရေဆင်းချိုးချင်စိတ်ကို မနည်းချိုးနှိမ်ထားရပေသည်။ ပူတာအို၏ ထင်ရှားသော အမှတ်အသားများထဲတွင် မူလာရှီးဒီကြိုးတံတားလည်း တစ်ခုအပါအဝင်ဖြစ်ရာ ပူတာအိုရောက်လျှင် မူလာရှီးဒီကြိုးတံတားကို အရောက်သွားပါဟု ညွှန်းဆိုချင်ပါသည်။

ထူးဖောင်ဒေးရှင်း (Htoo Foundation)ဆိုသည်မှာ Htoo Group of Companies တွင် ပါဝင်သော ကုမ္ပဏီများအားလုံးက ပူးပေါင်းတည်ထောင်ထားသည့် Non- Profit Organization တစ်ခုဖြစ်သည်။

ထူးဖောင်ဒေးရှင်းကို ၂၀၀၈ခုနှစ် မေ ၅ရက်တွင် စတင်တည်ထောင်ခဲ့ပြီး Htoo Group of Companies မှ ဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ထားသည့် အဖွဲ့အစည်း တစ်ခုလည်းဖြစ်သည်။

ဆောင်ရွက်လျက်ရှိ

ထူးဖောင်ဒေးရှင်းသည် ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေး လုပ်ငန်းများအနေဖြင့် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လိုအပ်သော ဆေးဝါးအမျိုးမျိုးနှင့် ငှက်ဖျားရောဂါကုဆေးများကို သက်ဆိုင်ရာကျန်းမာရေးမှူးများထံ ပို့ဆောင်လှူဒါန်းခြင်းနှင့် မူလာရှီးဒီကျေးရွာအုပ်စုရှိ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို ခုတင် (၅၀)ဆံ့ ဆေးရုံအဖြစ် တိုးချဲ့တည်ဆောက်လှူဒါန်းခြင်းတို့ ပါဝင်သည်။

ထောက်ပံ့လှူဒါန်း

ပညာရေးလုပ်ငန်းများအနေဖြင့် မူလာရှီးဒီကျေးရွာရှိ အလယ်တန်းကျောင်းတွင် စာသင်ဆောင်များကို ပြုပြင်ပေးခြင်း၊ ဆေးသုတ်ပေးခြင်းနှင့် ရေနံချေးသုတ်ပေးခြင်း၊ ၎င်းအလယ်တန်းကျောင်းကို တွဲဖက်အထက်တန်းကျောင်း အဆင့်သို့ရောက်ရှိစေရန်အတွက် ပေ၉၀×၃၀ရှိသော စာသင်ဆောင်တစ်ဆောင် တိုးချဲ့တည်ဆောက်ခြင်း၊ ဇီယာဒမ်းကျေးရွာ မူလတန်းကျောင်း ပြုပြင်ပေးခြင်းနှင့် ၎င်းမူလတန်းကျောင်းအတွက် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့လှူဒါန်းခြင်းတို့ ပါဝင်သည်။

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊

ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာအနီးရှိ မူလာရှီးဒီ ကြိုးတံတားနှင့် ပတ်ဝန်းကျင်သဘာဝအလှအပတို့ကို ဤသို့ သာမောဖွယ် တွေ့ရသည်။

ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာ၌ ဒေသခံတိုင်းရင်းသားပြည်သူများ ရိုးရာလက်မှုပစ္စည်းများ ပြုလုပ်နေသည်ကို ဤသို့ တွေ့ရသည်။

ရိုးရာအထည်ရက်လုပ်ခြင်းနှင့် လက်မှုပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Eco Tourism) တို့ပါဝင်သည်။

လမ်းပန်းဆက်သွယ်ရေးအဖြစ်ဖုန်ကန်၊ ဖုန်ရင်၊ ဖုန်ဂရမ်စသော ရေခဲတောင်များသို့ သွားလာရာတွင် အဓိကအသုံးပြုရသော ပူတာအို-ဇီယာဒမ်းလမ်းဖောက်လုပ်ခြင်း၊ မဒွယ်တောင်ပေါ်တွင်ရှိသော ဝတီကြားမှ နတ်ရေကန်သို့ သွားရောက်ရာတွင် အသုံးပြုရသော ပူတာအို-မလိရိန်လမ်းဖောက်လုပ်ခြင်းတို့ ပါဝင်သည်။

တိုးချဲ့စိုက်ပျိုး

စိုက်ပျိုးရေးလုပ်ငန်းအဖြစ် မူလာရှီးဒီကျေးရွာတွင် ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၉ရက်မှ စတင်၍ သုတေသနစိုက်ခင်းတစ်ခုစိုက်ပျိုးခြင်း၊ ၎င်းစိုက်ခင်းတွင် ဂျပန်နိုင်ငံမှ တင်သွင်းလာသော စပျစ်၊ မက်မွန်၊ တည်၊ သစ်အယ်၊ ပန်းသစ်တော်၊ ဝဥ၊ ဂျပန်လက်ဖက်နှင့် ဂျပန်ပြောင်းများကို စမ်းသပ်စိုက်ပျိုးထားသည်။ ရရှိလာသော သုတေသန အဖြေများအပေါ် မူတည်၍ ဒေသနှင့်ကိုက်ညီသည့်မျိုးများကို ပူတာအိုလွင်ပြင်ဒေသတွင် တိုးချဲ့စိုက်ပျိုးသွားမည့် အစီအစဉ်ပါဝင်သည်။

ရိုးရာအထည်ရက်လုပ်ခြင်းနှင့် လက်မှုပစ္စည်းများထုတ်လုပ်ခြင်းအဖြစ် မူလာရှီးဒီကျေးရွာတွင် ရိုးရာဂျပ်ခုတ်ထည်များ ထုတ်လုပ်စေရန် အရင်းအနှီး မတည်ပေးပြီး ရရှိလာသော ဂျပ်ခုတ်ထည်များအားလုံးကို ပေါက်ဈေးဖြင့် ပြန်လည်ဝယ်ယူပေးခြင်း၊ ဒေသခံများကို ရိုးရာလက်မှုပစ္စည်းများ ထုတ်လုပ်စေရန် အားပေးကူညီပြီး ထွက်ရှိလာသော လက်မှုပစ္စည်းများကို ပြန်လည်ဝယ်ယူကာ ဈေးကွက်ဖန်တီးပေးခြင်းတို့ ပါဝင်သည်။

ဟိုတယ်တည်ဆောက်

သဘာဝအခြေခံ ခရီးသွားလုပ်ငန်း (Eco Tourism)အဖြစ် ပူတာအိုဒေသတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေခဲတောင်ခရီးစဉ်များကို ခရီးသွားများယခုထက် ပိုမိုလွယ်ကူစွာ သွားလာနိုင်ရန်နှင့် အများအပြားသွားလာနိုင်ရန် လမ်း၊ ကြားစခန်းများကို ပြုပြင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ရေခဲတောင်ခြေတွင်ရှိသော ဇီယာဒမ်း ကျေးရွာအနီးတွင် ခရီးတစ်ထောက်နားနိုင်ရန်အတွက် ဟိုတယ်တည်ဆောက်ခြင်းတို့ ပါဝင်သည်။

အားပေးကူညီ

ယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် ပူတာအိုဒေသရှိ တိုင်းရင်းသားများအနေဖြင့် ရိုးရာဝတ်စုံများကို ဝတ်ဆင်လိုကြသော်လည်း ဈေးနှုန်းမြင့်မားမှုကြောင့် ဝတ်ဆင်မှုနည်းပါးလာသည်ကို ဖြေရှင်းပေးရန်ရည်ရွယ်ကာ ရိုးရာဝတ်စုံများကို ထူးဖောင်ဒေးရှင်းက ဝယ်ယူလှူဒါန်း၍ ကျေးရွာအတွင်းရှိ တိုင်းရင်းသားများအား ရိုးရာဝတ်စုံများကို သတ်မှတ်ရက်များတွင် ပြန်လည်ဝတ်ဆင်ကြရန် အားပေးကူညီခြင်းတို့ ပါဝင်သည်။

အခမဲ့ပေးဝေ

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖြစ် ကချင်ပြည်နယ်အတွင်း သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းကို သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ သစ်တောများ ပြန်လည်စိုက်ပျိုးလျက်ရှိရာ မြစ်ကြီးနားမြို့နယ် ပြည်ထောင်ရွာအနီးတွင် ကျွန်းစိုက်ခင်းဧက ၁၇၄၀၀ခန့် စိုက်ပျိုးရန်လျာထားပြီး ဧက ၁၁၅၀ကို စိုက်ပျိုးပြီးဖြစ်သည်။ ၂၀၀၉ခုနှစ်အတွင်း ကချင်ပြည်နယ်တွင် ကျွန်းပျိုးပင် ပေါင်း သုံးသိန်းကို ဒေသခံပြည်သူများအား အခမဲ့ပေးဝေကာ ပညာပေးစည်းရုံး၍ စိုက်ပျိုးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလေးဂရုပြု

ထူးဖောင်ဒေးရှင်းသည် သဘာဝသားရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းခြင်းအဖြစ် ဇီယာဒမ်းကျေးရွာအနီးရှိ ဖုန်ကန်ရာဇီ ဘေးမဲ့တောတွင် ရှားပါးမြန်မာ့ကျားမျိုးများကို သဘာဝအတိုင်း မွေးမြူထိန်းသိမ်းခြင်း သားမင်း၊ ချေ(ဂျီ)၊ တောဝက်၊ ဝက်ဝံနှင့် ကျားသစ်များကိုလည်း ၎င်းဒေသတွင် သဘာဝအတိုင်းပူးတွဲ မွေးမြူကာ အမျိုးသားသဘာဝသားရိုင်းဥယျာဉ် ကြီး (National Wild Life Park) တစ်ခုအဖြစ် တည်ထောင်ခြင်း၊ ရေခဲတောင်ဒေသ၌ သစ်ခွဥယျာဉ်ကြီးတစ်ခု တည်ထောင်ခြင်း၊ လိပ်ပြာဥယျာဉ်တစ်ခုနှင့် လိပ်ပြာပြတိုက်တစ်ခု တည်ထောင်ခြင်း၊ သဘာဝခရီးသွားလုပ်ငန်းကိုမြှင့်တင်ပေးပြီး ဒေသခံများနှင့် လာရောက်လည်ပတ်သော ခရီးသွားများ သဘာဝပတ်ဝန်းကျင်ကို အလေးဂရုပြုထိန်းသိမ်းလာကြစေရန် ဆောင်ရွက်ခြင်းတို့ကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ရာသီမရွေးသွားနိုင်

ကချင်ပြည်နယ်မှ ပူတာအိုမြို့သည် မြန်မာနိုင်ငံ၏ မြောက်ပိုင်းဝေးလံခေါင်ဖျားသော ဒေသတွင်တည်ရှိ၍ မြေပြန့်ဒေသနှင့်ဆက်သွယ်သွားလာမှုခက်ခဲကာ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည်။ ယခုအခါလေကြောင်းခရီးစဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိရုံသာမက ပူတာအို-မြစ်ကြီးနားလမ်းကိုလည်း ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာပြီဖြစ်သည်။

ဖြည့်ဆည်းဆောင်ရွက်

ပူတာအိုခရိုင်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အပိုင်းက အထူးအလေးထား၍ ဆောင်ရွက်လျက်ရှိသကဲ့သို့ ထူးဖောင်ဒေးရှင်းကဲ့သို့သော လူမှုရေး အဖွဲ့အစည်းများကလည်း တစ်တပ်တစ်အား ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ ပူတာအိုခရိုင်မှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာပြီဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

(သတင်းစဉ်)

ပူတာအို၊ မူလာရှီးဒီနှင့် ထူးဖောင်ဒေးရှင်း

မူလာရှီးဒီကျေးရွာအနီး မူလာရှီးဒီကြိုးတံတားအောက်မှ တသွင်သွင်စီးဆင်းနေသော ကြည်လင်အေးမြသည့် ချောင်းရေစီးနှင့် ပတ်ဝန်းကျင် စိုပြည်သာယာလှပမှုတို့မှာ ဤသို့ ပန်ရလှသည်။ (သတင်းစဉ်)

➢ သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)
➢ ဓာတ်ပုံမှတ်တမ်း - ကျော်ဆွေမိုး (ပြန်/ဆက်)
➢ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် မေ ၂၂

ကျေးဇူးပြု၍ နားဆင်ပါရှင်- မကြာမီအချိန်အတွင်း…နှင့် အဖွဲ့လိုက်ပါစီးနင်းလာသော အထူးလေယာဉ်သည် ပူတာအိုလေယာဉ်ကွင်းသို့ ဆင်းသက်ပါတော့မည်ရှင်။ ပူတာအိုလေဆိပ်ရဲ့ ရာသီဥတုက အထူးကောင်းမွန်လျက်ရှိပြီး အပူချိန် ၂၅ ဒီဂရီဖာရင်ဟိုက် ရှိပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်….။

ဒုတိယအခေါက်

လေယာဉ်မှန်ပြတင်းမှ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ပူတာအိုလေဆိပ် အဆောက်အအုံကို ခပ်ရေးရေးမြင်နေရသည်။ သြော်- ပူတာအိုသို့ ဒုတိယအခေါက် ရောက်ဖြစ်ရပြန်ပါလေပြီ။

စာမျက်နှာ ၁၂ ကော်လံ ၁ ●

ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာ၌ ထူးဖောင်ဒေးရှင်း၏ အားပေးကူညီမှုဖြင့် ဒေသခံတိုင်းရင်းသူတစ်ဦး ရိုးရာအထည် ရက်လုပ်နေမှုကို ဤသို့ တွေ့ရသည်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ် ပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသသို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိသေး

နေပြည်တော် မေ ၂၂

(မေ ၂၂ရက် မြန်မာစံတော်ချိန် ည ၈ နာရီ ထုတ်ပြန်ချက်)

ယနေ့မြန်မာစံတော်ချိန် ည ၇နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာကာ မြန်မာနိုင်ငံ ပုသိမ်မြို့၏ အနောက်တောင်ဘက် မိုင် ၄၈၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

စာမျက်နှာ ၉ ကော်လံ ၄ ■

မြန်မာ့အလင်း

အင်တာနက် ကျန်းမာရေး

အစာမစားဘဲ ကိုယ်အလေးချိန် လျှော့ချလျှင် စိတ်ကျရောဂါ ဖြစ်ပွားစေနိုင်ဟုဆို

အဝလွန်သူများအနေဖြင့် အစားအသောက် လျှော့ချစားသောက်သည့် နည်းလမ်းကို အသုံးပြုပြီး ကိုယ်အလေးချိန်လျှော့မှုသည် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေပြီး စိတ်ကျရောဂါရရှိစေနိုင်ကြောင်း ဗြိတိသျှဆေးသိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

စိတ်ချုပ်တည်း

ပုံမှန်အစားအစာစားသောက်ချိန် သို့မဟုတ် ဆာလောင်မွတ်သိပ်သည့်အချိန်များတွင် အစားအစာကို မစားသောက်ခြင်းကြောင့် စိတ်ချုပ်တည်းမှုများကာ ဦးနှောက်အတွင်းရှိ ဆဲလ်များကို ထိခိုက်ပျက်စီးစေကြောင်း ၄င်းတို့၏သုတေသနပြုချက်၌ ဖော်ပြထားသည်။

ချင့်ချိန်

အစားအစာများကို နေ့စဉ်ပုံမှန်အတိုင်း ချင့်ချိန်စားသုံးကာ ကိုယ်လက်လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ပေးရန်သာ လိုအပ်ကြောင်း၊ ဆာလောင်ခြင်းသည် ခန္ဓာကိုယ်အာဟာရ လိုအပ်နေသည်ကို သတိပေးခြင်းဖြစ်ရာ အန္တရာယ်ကင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို သင့်တင့်မျှတစွာ စားသုံးရန်သာ လိုအပ်ကြောင်း ၄င်းတို့ကပြောကြားသည်။ ထို့ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်ပြီး စိတ်ကျရောဂါခံစားရနိုင်သည့် အစားအသောက်မစားဘဲ ကိုယ်အလေးချိန်လျှော့သည့် နည်းလမ်းကို မသုံးသင့်ကြောင်း အကြံပြုထားသည်။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးလုပ်ကိုင်နေကြသည့် အင်းလေးပတ်ဝန်းကျင်



အင်းလေးဒေသရှိ မြစကြာပိုးထည် ရက်လုပ်ငန်း လုပ်ငန်းခွင်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

➢ သတင်းခရီးသည် - ဝင်းကျော်
➢ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
➢ စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဖြိုး (မြန်မာ့အလင်း)

ညောင်ရွှေ မေ ၂၂

လူတိုင်းလူတိုင်း၌ ကိုယ်စီစိတ်ကူးများ ရှိတတ်ကြသည်။ ယင်းစိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖော်လုပ်ကိုင်ကြရာ၌ အချို့က ဘဝ တစ်ခုလုံးကို စိတ်ကူးအတွက် နှစ်မြှုပ်ဆောင်ရွက်ကြသည်။ အချို့က မျိုးရိုးစဉ်ဆက် လုပ်ကိုင်လာကြသောလုပ်ငန်းကို မိမိတို့လက်ထက်၌ ဆန်းသစ်အောင် တီထွင်ကြံဆ ဖန်တီးလုပ်ကိုင်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻